၁၂၀

အောင်မြင်ရေးအတွက် ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်းများ

အောင်လှိုင်-မြန်မာပြန်



THE RULES TO BREAK

Richard Templar



၁၂၀

အောင်မြင်ရေးအတွက် ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်းများ

အောင်လှိုင်-မြန်မာပြန်

AH0088
2,300.00 KS

ဘဝအောင်မြင်ရေးအတွက်ချိုးဖောက်ရမည့်စည်းမျဉ်းစည်းကမ်းများ။ အောင်လှိုင်
စာမျက်နှာ ၁၉၃+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇၈)၊ ၈၅၊ ဘဉ့်လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

စိတ်ကူးချိုချိုစာအုပ်

ဘဝအောင်မြင်ရေးအတွက် ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်းများ

THE RULES TO BREAK

Richard Templar

အောင်လှိုင်

မြန်မာပြန်

ပထမအကြိမ် ၂၀၁၇

ဘဝအောင်မြင်မှုအတွက်
ချိုးဖောက်ရမည့်စည်းမျဉ်းစည်းကမ်းများ

မိတ်ဆက်စကား

သင်ငယ်ရွယ်စဉ်အချိန်ကာလတစ်လျှောက် သင့်မိဘ၊ဆရာသမားတွေ၊ သူငယ်ချင်းတွေဆီကတစ်ဆင့်လောကနဲ့ပတ်သက်တဲ့ အကောင်း၊ အဆိုး ကိစ္စအမျိုးမျိုးကို နားထောင်ချင်သည်ဖြစ်စေ၊ နားမထောင်ချင်သည်ဖြစ်စေ ကြားခဲ့ရမှာဖြစ်ပါတယ်။

သင့်ရဲ့ငယ်ဘဝတစ်လျှောက်လုံး အခြားလူတွေရဲ့ ပြောဆို၊ အသိပေး၊ သင်ပြမှုတွေကိုခံယူရင်း၊ သင်ကြားပေးသမျှ အသိပညာဗဟုသုတတွေကို နားထောင်ရင်း အချိန်တွေကို ကုန်ကောင်းကုန်ခဲ့မိပါလိမ့်မယ်။

သင်အရွယ်ရောက်ကြီးပြင်းလာပြီးနောက် လက်တွေ့ဘဝကို နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်ရတဲ့အခါ သင်ငယ်စဉ်ကသိထားခဲ့၊ လိုက်နာခဲ့၊ နားလည်ခဲ့တဲ့ အရာတွေက လက်တွေ့ဘဝမှာ အံဝင်ခွင်ကျမဖြစ်တာတွေ့ရမှာဖြစ်သလို သင်ငယ်စဉ်က ယုံကြည်ထားခဲ့တဲ့ ကိစ္စတွေကိုလည်း လက်တွေ့ဘဝမှာ အမှန်တရားအဖြစ်နဲ့ သတ်မှတ်ချင်တဲ့စိတ်မရှိနိုင်တော့ပါဘူး။

သင့်အနေနဲ့ငယ်စဉ်က စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ နေထိုင်ခဲ့ရသလို အရွယ်ရောက်ကြီးပြင်းလာချိန်မှာလည်း စည်းမျဉ်းစည်းကမ်းတွေနဲ့ မကင်းလွတ်သေးတာကို တွေ့ရလိမ့်မယ်။

စည်းမျဉ်းစည်းကမ်းတွေ ကန့်သတ်ထားရှိပြီးဘောင်ဝင်အောင် နေနိုင်ခြင်းဟာ လူ့တန်ဖိုးကို မြင့်တက်စေတာမှန်သော်လည်း ဘဝတိုးတက်အောင်မြင်မှုရရှိဖို့အတွက် အဲဒီစည်းမျဉ်းစည်းကမ်းတွေကပဲ အတားအဆီးအပိတ်အဆို့အဖြစ် ရှိနေတတ်ပါတယ်။ ဒါကြောင့် တချို့သော ကိစ္စကြီးငယ်တွေအတွက် စည်းကမ်းသတ်မှတ်ချက်တွေထားရှိသင့်သော်လည်း အချို့သောကိစ္စတွေမှာတော့ လိုအပ်သလို ချိုးဖောက်ပစ်ရမှာဖြစ်ပါတယ်။

အချို့သော စည်းကမ်းသတ်မှတ်သူတွေက သင်သူတို့စကားကို နားမထောင်တာနဲ့ လုံးဝဥဿုံကျရှုံးစေရမယ်လို့ အာမခံပြီးတော့တောင် ပြောကောင်းပြောနိုင်ပါတယ်။ လူတစ်ဦးနဲ့တစ်ဦး ပင်ကိုအရည်အသွေးအထုံပါရမီတွေ၊ စွမ်းဆောင်မှုတွေ၊ တီထွင်ကြံဆနိုင်စွမ်း၊ တွေးခေါ်၊ ချိန်ဆနိုင်စွမ်းတွေကမတူကြသလို အောင်မြင်ခြင်း၊ ကျရှုံးခြင်းကိုဖြစ်လာစေတဲ့ အခြေအနေတွေကလည်း တစ်ဦးနဲ့တစ်ဦး ကွဲပြားနေတတ်ပါတယ်။ ဒါကြောင့် သင်ကအောင်မြင်မှုရယူချင်တဲ့အခါ အခြားသူတွေပြောတဲ့အတိုင်း တစ်သဝေမတိမ်းလိုက်လုပ်စရာမလိုပဲ သင့်ဘဝအောင်မြင်မှုအတွက် သင့်ကိုယ်ပိုင်အစွမ်းအစတွေနဲ့သာ ဖန်တီးအကောင်အထည်ဖော်ရပါလိမ့်မယ်။

သင်က သူများတွေ ကန့်သတ်ပေးတဲ့စည်းမျဉ်းစည်းကမ်းတွေအတိုင်းလိုက်နာပြီး ကြိုးစားတိုင်းအောင်မြင်မှုမရနိုင်တဲ့ အခြေအနေကို ကြိုတင်ခန့်မှန်းတွက်ဆမိတယ်ဆိုရင် သူတို့ပြောတဲ့စည်းမျဉ်းစည်းကမ်းတွေကို မျက်ကွယ်ပြုပြီးဆန့်ကျင်ဘက်ခြေလှမ်းတွေနဲ့ ကိုယ်ပိုင်အစီစဉ်တွေကိုသာ ပုံဖော်ရမှာ ဖြစ်ပါတယ်။

ဒီတော့ သင့်အတွက် အဓိကအရေးကြီးတဲ့အရာတွေကို မေးခွန်းတွေ မေးနိုင်ဖို့ သင်ကိုယ်တိုင်နားလည်သိရှိထားရမယ်။ သင့်ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုတွေကို သတ္တိရှိရှိနဲ့ အသုံးချနိုင်စွမ်းရှိလာပါလိမ့်မယ်။

ဘဝတိုးတက်အောင်မြင်မှုအတွက် ကြိုးစားနေစဉ်ကာလတစ်လျှောက်မှာ သင့်အနေနဲ့ ဘယ်စည်းမျဉ်းစည်းကမ်းတွေကိုမဆို ချိုးဖောက်ပစ်ရမယ်

လို့ မဆိုလိုပါဘူး။ သို့သော်လည်း သင့်ဘဝတိုးတက်ရေးအတွက် ချိုးဖောက်ရမဲ့ စည်းကမ်းတွေ ရှိနေတယ်ဆိုတာကိုတော့ ကိုယ်တိုင်နားလည်ထားဖို့ လိုပါတယ်။

□

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

အောင်မြင်မှုရရှိတယ်၊ ဥစ္စာဓနကြွယ်ဝတယ်ဆိုတာဟာ ငွေကြေး မြောက်မြားစွာရရှိတဲ့ အလုပ်ကောင်းတစ်ခုကို ခေါ်ပါတယ်

လူအများစုက သင်ဘယ်တော့မှမအောင်မြင်နိုင်ဘူး၊ အောင်မြင်မှာ မဟုတ်ဘူးလို့ပြောဖို့ အစဉ်အမြဲအသင့်ရှိနေတာကို သတိပြုပါ။

အထူးသဖြင့် သူတို့ပြောဆို လမ်းညွှန်တဲ့ စည်းမျဉ်းစည်းကမ်းတွေ အတိုင်း သင်က မလိုက်နာခဲ့ရင် ကြိမ်းသေကျရုံးရလိမ့်မယ်လို့ ပြောကြပါလိမ့်မယ်။

လူအများစုရဲ့ အဲဒီလိုပြောစကားတွေကို သင်က နားယောင်နေသရွေ့ သင်ဘဝကို သင့်စိတ်တိုင်းကျပုံဖော်ထုဆစ်နိုင်မှာ မဟုတ်ဘူးလို့ လေးနက်စွာ နားလည်ထားပေးပါ။

ဘဝတိုးတက်အောင်မြင်ရေးအတွက် သမားရိုးကျစည်းမျဉ်းစည်းကမ်း တွေကို လူအများစုက လိုက်နာပြီး အလုပ်တွေ ကြိုးစားလုပ်ကိုင်ကြတယ်။ တက္ကသိုလ်ကနေဘွဲ့တစ်ခုရအောင်ယူပြီး သက်ဆိုင်ရာ အရည်အချင်းမြှင့်တင် ရေးသင်ဘန်းတွေကို ကြိုးစားတက်ရောက်ကြတယ်။ ပြီးတော့ ဝင်ငွေကောင်း တဲ့ အလုပ်တွေကိုရအောင် အင်တာဗျူးတွေ ဖြေဆိုကြတယ်။ ဒီလိုသမားရိုး ကျစည်းမျဉ်းစည်းကမ်းတွေ လိုက်နာကြိုးစားကြတိုင်း လူတိုင်းအောင်မြင် သလား... လို့ မေးခွန်းထုတ်စရာ ရှိလာပါတယ်။ ဒီအခါအောင်မြင်မှုဆိုတာ

ဘာလဲလို့ သိရှိနိုင်ဖို့ အောင်မြင်မှုကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ လိုအပ်လာပြန်ပါတယ်။ သင့်မိဘ၊ ဆရာသမား၊ စိတ်စေတနာကောင်းဖြင့် အကြံပြုပြောဆိုပေးသော မိတ်ဆွေအပေါင်းအသင်းအနေနဲ့ သင့်ကို ဘဝတိုးတက်ရေးအစီစဉ်ကောင်းတွေ ချမှတ်ပေးနိုင်သော်လည်း သူတို့ရဲ့အစီစဉ်ကောင်းတွေက အောင်မြင်မှုဆီ ဦးတည်နေတဲ့ တစ်ခုတည်းသော လမ်းကြောင်းကိုသာ ဖြစ်စေနိုင်ပါတယ်။

တကယ်တော့ ဘဝတိုးတက်အောင်မြင်ရေးအတွက် လမ်းကြောင်းတစ်ခုတည်းနဲ့ မလုံလောက်တတ်ပါဘူး၊ သင့်ကိုယ်ပိုင်စဉ်းစားတွေးခေါ်ဆုံးဖြတ်ချက်တွေ သင်ကိုယ်ပိုင်အရည်အသွေးတွေအပေါ် မူတည်ပြီး လမ်းကြောင်းအမျိုးမျိုးကို အသုံးချနိုင်မှသာ သင့်ကြိုးစားမှုနဲ့ ထိုက်တန်တဲ့ အောင်မြင်မှုကိုရရှိမှာ ဖြစ်ပါတယ်။

အချို့လူတွေဟာ ဘဝတိုးတက်အောင်မြင်ရေးအတွက် ငယ်စဉ်ကတည်းကနေ ပညာကို အသေအချာသင်ယူပြီး အရွယ်ရောက် ကြီးပြင်းလာချိန်တက္ကသိုလ်ကနေဘွဲ့ရပြီးနောက်ပိုင်း အလုပ်မှာ အောင်မြင်အောင် ကြိုးစားတယ်။ ရာထူးတိုးတက်ရေးစာမေးပွဲတွေ ဝင်ဖြေတယ်။ ကိုယ်ပိုင်အရည်အသွေးတွေကိုလည်း လက်တွေ့ထုတ်ပြ အသုံးချကြတယ်။ ဒါပေမဲ့ သူတို့ရည်မှန်းထားတဲ့အောင်မြင်မှုပန်းတိုင်ဆီကိုတော့ မရောက်ခဲ့ကြပါဘူး။

အချို့လူတွေကျတော့လည်း ဘဝအခြေအနေအကြောင်း အမျိုးမျိုးကြောင့် ကျောင်းပြီးအောင်မတက်လိုက်ရပဲ ပညာတစ်ပိုင်းတစ်စနဲ့ အလုပ်ခွင်ဝင်ကြရတယ်။ ဒါပေမဲ့ ဘဝတိုးတက်အောင်မြင်မှုကို သူတို့က စောစီးစွာ ရရှိတာ တွေ့ရပါတယ်။ ဒီနေရာမှာ ဘဝတိုးတက်အောင်မြင်မှု စောစော ရရှိဖို့အတွက် ကျောင်းစောစောထွက်လိုက်ရတာလို့ ပုံသေကားကျ မသတ်မှတ်နိုင်ပေမဲ့ လူတစ်ဦးချင်းစီရဲ့ ဘဝတိုးတက်အောင်မြင်မှု အခွင့်အလမ်းတွေက အခြေအနေတိုင်း အချိန်အခါတိုင်းမှာ ရှိနေတယ်ဆိုတာကိုတော့ အမှန်အတိုင်း လက်ခံနိုင်ဖို့ လိုပါတယ်။

လူအများစုအနေနဲ့ ဝင်ငွေကောင်းတဲ့အလုပ်တစ်ခုရပြီဆိုရင် အဲဒီအခြေအနေအပေါ် ဘဝရဲ့တိုးတက်အောင်မြင်မှု ဥစ္စာမနက္ကြယ်ဝစွာ ရှိနေမှုတစ်ခုအဖြစ် သတ်မှတ်တတ်ကြပါတယ်။

ဘဝတိုးတက်အောင်မြင်မှုကို ငွေကြေးနဲ့ တိုင်းတာသတ်မှတ်လို့ မရနိုင်ပါဘူး။ အချို့သော အောင်မြင်မှုတွေဟာ ဘဝအတွက် အရေးပါပြီး အလေးထားရမဲ့ အခြေအနေရှိနေတာကြောင့် ငွေကြေးအကျိုးအမြတ်မရရှိပဲ။ ငွေကုန်ကြေးကျပိုပြီးတောင် များတတ်တာ တွေ့ရပါတယ်။

ဒါကြောင့် ဘဝရည်မှန်းချက်တွေ အောင်မြင်တိုင်းလည်း ငွေကြေးရရှိမှုအခြေအနေက အမြဲတမ်း နောက်ကနေ ကပ်မလိုက်လာတတ်ပါဘူး။ လူတစ်ဦးချင်းစီရဲ့အောင်မြင်မှု၊ ဘဝရည်မှန်းချက်ပြီး ပြည့်စုံမှုဆိုတာက အဲဒီလူရဲ့အောင်မြင်မှုအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့သာ သက်ဆိုင်နေပါတယ်။

သင်က ဘယ်လိုအောင်မြင်မှုမျိုးကို ရချင်တာလဲ၊ သင့်အောင်မြင်မှုအတွက် သင့်ကိုယ်ပိုင်နည်းလမ်းတွေ သင့်ပင်ကိုအရည်အချင်းတွေနဲ့ သင့်ကိုယ်ပိုင်စီမံဆုံးဖြတ်ချက်တွေကသာ အဓိက ဇာတ်ကောင်အဖြစ် ပါဝင်လုပ်ရှားရမှာဖြစ်ပြီး အခြားသူတွေပေးတဲ့နည်းလမ်းတွေ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေက သင်နဲ့လုံးဝဆန့်ကျင်နေပါလိမ့်မယ်။

လူတစ်ဦးချင်းစီရဲ့ ဘဝရည်မှန်းချက်အကောင်အထည်ဖော်မှုတွေဟာ သူတို့ဘဝတစ်သက်တာအတွင်း သူတို့တောင့်တအလိုရှိတဲ့ အရာတွေကို စိတ်ကျေနပ်မှုရတဲ့အထိ အကောင်အထည်ဖော်ခြင်းသာ ဖြစ်ပါတယ်။

လူအများစုက ဘဝတိုးတက်မှုအဖြစ် ငွေကြေးပြည့်စုံရင် အရာရာပြီးပြည့်စုံပြီလို့ ယူဆတာကြောင့် အဲဒီယူဆချက်အပေါ် ယုံကြည်မှုထားပြီး ငွေကြေးများစွာ ရရှိအောင် ကြိုးစားရှာဖွေပါလိမ့်မယ်။

သို့သော်လည်း သင့်အနေနဲ့ကတော့ ကြီးမားတဲ့မိသားစုကြီးတစ်ခုကို တည်ဆောက်ချင်တာကြောင့် သားသမီးများများမွေးနိုင်ဖို့က သင့်ဘဝရည်မှန်းချက်ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။

တကယ်လို့ သင်က လူအများကို အကူအညီပေးရတဲ့ အလုပ်တွေကို လုပ်ရမှာ စိတ်ကျေနပ်မဲ့သူဆိုရင်လည်း ငွေကြေးရရမရရ သင့်စိတ်ကျေနပ်မှုရှိစေတဲ့ အလုပ်တွေကို ရည်ရွယ်ချက်ရှိရှိ ဆက်လက်လုပ်ဖြစ်နေမှာ ဖြစ်ပါတယ်။

အချို့လူတွေဟာ သူတို့ဝါသနာပါ စိတ်ဝင်စားတဲ့ အလုပ်ကို လုပ်နေရတိုင်းအလုပ်ခွင်အတွင်း ရာထူးတိုးတက်မဲ့အခွင့်အလမ်းလည်းမရှိ။ ငွေကြေး

မြောက်မြားစွာရနိုင်မဲ့ အခွင့်အရေးလည်း မရှိတာတောင် စိတ်ကျေနပ်စွာနဲ့ မညည်းမည ဆက်လက်လုပ်ကိုင်နေတာ တွေ့ရတတ်ပါတယ်။

ဒီစာအုပ်မှာ အဓိကပြောချင်တာတွေက မိမိတို့ဘဝတိုးတက်မှုအတွက် ရည်မှန်းချက်တွေထားရှိပြီး လုပ်ဆောင်ရာမှာ မိမိဘဝကို မိမိကိုယ်တိုင် ကျေနပ်မှုရစေဖို့ အခြားလူတွေရဲ့စိတ်ကျေနပ်မှုကို မျှော်လင့်စရာမလိုအပ်သလို အခြားလူတွေရဲ့ကန့်သတ်ပေးတဲ့ စည်းမျဉ်းစည်းကမ်းတွေကိုလည်း လိုက်နာစရာမလိုအပ်ဘဲ မိမိလိုချင်တဲ့၊ မိမိကိုယ်ပိုင်အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ အောင်မြင်မှုဆီရောက်အောင် ဆက်သွားဖို့ဆိုတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တောရိုင်းမြေတစ်ခုရဲ့တောင်ကုန်းဘေးနားမှာ ခွေးတစ်ကောင်ကို အဖော်ပြုပြီး စိတ်ကျေနပ်၊ လွတ်လပ်စွာနေတဲ့ သူတစ်ယောက်ကို တွေ့ခဲ့ဖူးရသလို လန်ဒန်မြို့လယ်ကောင်က တိုက်ခန်းတစ်ခန်းမှာနေပြီး မြို့ပြရဲ့ စည်ကားစုံလင်တဲ့ အငွေ့အသက်ကို ခံစားရင်းကျေနပ်နေတဲ့သူတစ်ယောက်ကိုလည်း ကြုံခဲ့ဖူးပါတယ်။ ကျွန်တော်တွေ့ကြုံခဲ့ဖူးတဲ့ နောက်ထပ်တစ်ယောက်ကတော့ မြို့ပြနဲ့ဝေးတဲ့နေရာတစ်ခုကို သွားပြီးသာမန်ရိုးရှင်းတဲ့ အိမ်ကလေးတစ်အိမ်ဆောက်မယ်။ ပြီးရင် မြို့ကြီးပြကြီးတွေမှာ မရှိတဲ့ အေးချမ်းသာယာ၊ တိတ်ဆိတ်မှုတွေကို ခံစားမယ်။ သာမန်ရိုးရှင်းတဲ့ဘဝမှာ ကျေနပ်နှစ်သက်သူပီပီ လှည့်စားမှု၊ လိမ်ညာ၊ ဟန်ဆောင်မှုတွေမပါတဲ့ အသက်မွေးဝမ်းကျောင်းတစ်ခုခုကို လုပ်ကိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိသူတစ်ယောက်ပဲ ဖြစ်ပါတယ်။

ဒီလိုလူမျိုးတွေရဲ့ဘဝအောင်မြင်မှုဆိုတာ အခြားလူတွေနဲ့ များစွာကွာခြားနိုင်ပေမဲ့ သူတို့ဘဝတစ်သက်တာအတွင်း သူတို့ဆန္ဒရှိသလို လုပ်ကိုင်ဆုံးဖြတ်ခွင့်ရတဲ့... သူတို့ရဲ့ကိုယ်ပိုင်အောင်မြင်မှုသာ ဖြစ်ပါတယ်။

သင်က ငွေကြေးပြည့်စုံကြွယ်ဝမှုရှိမှ အောင်မြင်မှုရတယ်လို့ သတ်မှတ်ချင်သတ်မှတ်နိုင်သလို... အခြားသောတစ်ဦးတစ်ယောက်ကလည်း ငွေကြေးရချင်း၊ မရချင်းထက် အဆင့်အတန်း၊ ဂုဏ်ဒြပ်၊ သိက္ခာတွေမြင့်တက်လာစေဖို့ ရည်ရွယ်ချက်နဲ့ အကျိုးအမြတ်နည်းတဲ့အလုပ်ကို လက်လွှတ်မခံပဲ လုပ်တတ်ကြပါလိမ့်မယ်။ အချို့လူတွေက သူတို့စိတ်ပါဝင်စားရာ အလုပ်

ကို လုပ်ရရင်ဘဝမှာအောင်မြင်မှုရသလိုမျိုး ခံစားရတာကြောင့် ဘယ်လောက်ခက်ခဲတဲ့အလုပ်ပဲဖြစ်ဖြစ်အောင်မြင်အောင်လုပ်နိုင်ကြပါတယ်။

အချို့ကတော့ စိန်ခေါ်မှုတစ်ခုကို အောင်မြင်လိုတဲ့စိတ်ဆန္ဒနဲ့ ထိပ်တန်း၊ အဆင့်မြင့်အလုပ်တွေကို ရွေးချယ်လုပ်ကိုင်တတ်ကြပါတယ်။

ဒီတော့ သင့်ဘဝအောင်မြင်မှုဆိုတာဟာ သယ်အပိုင်းအဏ္ဍအပေါ် အာရုံစူးစိုက်တယ်ဆိုတဲ့အပေါ်မူတည်ပြီးရလာတဲ့ အကျိုးရလဒ်သာ ဖြစ်ပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁

အောင်မြင်မှုဆိုတာဟာ သင်ကိုယ်တိုင် ယုံကြည်လက်ခံပြီး ကျေနပ်စွာ အကောင်အထည်ဖော်နိုင်တဲ့ အကျိုးရလဒ်သာ ဖြစ်ပါတယ်။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

အချို့လူတွေဟာ ကံကောင်းခြင်းတွေနဲ့အတူ မွေးဖွားလာသူတွေ ဖြစ်ပါတယ်

သင်က အခြားသူတစ်ယောက်ရဲ့ဘဝကို အားကျပြီး ဖြစ်နိုင်ရင် နေရာချင်းတောင်လဲချင်တဲ့စိတ်ရှိနေတာ... အဲဒီလူရရှိနေတဲ့ ကောင်းပေ့ ညွှန့်ပေ့တွေကို ငမ်းငမ်းတက်လိုချင်စိတ်ရှိနေတာ... အဲဒီလူတတ်ကျွမ်းတဲ့ အသိပညာ အတတ်ပညာ စိတ်ကူးအတွေးအခေါ် ဉာဏ်ရည်ဉာဏ်သွေး အထုံပါရမီ မိတ်ဆွေအပေါင်းအသင်းများမှ ငွေကြေးကြွယ်ဝမှု ဘဝနေထိုင်မှုနဲ့ လူနေမှု အဆင့်အတန်းမြင့်မှုတွေအပေါ်မှာလည်း အားကျမှုတွေရှိနေတာဟာ သင်က တစ်ဖက်လူရဲ့အပေါ်ယံအခြေအနေအရပ်ရပ်ကိုသာ မြင်တွေ့သိရှိတဲ့သဘောဆောင်ပါတယ်။ သို့သော်လည်း သင့်ထက်သာလွန်ပြီး အဘက်ဘက်ကပြီးပြည့်စုံတဲ့ သူတွေကို မြင်တွေ့ရတိုင်း အဲဒီလူတွေက ကံကောင်းခြင်းတွေနဲ့ အတူ မွေးဖွားလာတဲ့သူတွေလို့ သင့်ဘက်က တထစ်ချ ယူဆမိပါလိမ့်မယ်။

အချို့လူတွေက မိမိတို့ထက် အဘက်ဘက်က သာလွန်သူတွေအပေါ် လေးစားအားကျတဲ့စိတ်ရှိတတ်ကြပြီး အချို့လူတွေကတော့ မိမိမှာမရှိတဲ့ အရာမှန်သမျှ သူတစ်ပါးမှာရှိနေတာကို မနာလို မရှုဆိတ်ဖြစ်တတ်ကြ ပါတယ်။

တကယ်တော့ လောကမှာ အဘက်ဘက်ကပြီးပြည့်စုံတဲ့အထိ ကံကောင်းတဲ့သူတွေက အလွန်နည်းပါးစွာ ရှိနေတတ်ပြီး လူတိုင်းက ကံ မကောင်းနိုင်တဲ့သဘော အောင်မြင်မှုရယူချင်တဲ့သူတိုင်း ကြိုးစားအားထုတ်ရ မဲ့သဘောကတော့ ဘယ်တော့မှပြောင်းလဲလို့မရနိုင်တဲ့သဘောကို လူတိုင်း လက်ခံရမှာ ဖြစ်ပါတယ်။

ကျွန်တော်ကျောင်းသားဘဝတုန်းက ကျွန်တော်တို့အတန်းထဲမှာ ဘာသာရပ်တိုင်းကို ထူးချွန်တဲ့ကျောင်းသားတစ်ယောက်ရှိခဲ့ပါတယ်။ ထူးခြား တာက အဲဒီကျောင်းသားဟာ ဉာဏ်ရည်ထက်မြက်သလောက် စာကြိုးစား မှုမရှိပါဘူး၊ ကျွန်တော် အဲဒီကျောင်းသားကို ကြည့်ပြီး လေးစားအားကျခဲ့ ရတယ်။

ဒါပေမဲ့ မကြာခင်မှာပဲ အဲဒီကျောင်းသားအပေါ် လေးစားအားကျခဲ့ တာတွေကို ပြန်ရုပ်သိမ်းချင်တဲ့စိတ်တွေဖြစ်ခဲ့ရပါတယ်။ အကြောင်းကတော့ သူက စာတော်တယ်၊ ဉာဏ်ကောင်းတယ်၊ ဒါပေမဲ့ ကိုယ်ပိုင်ရည်ရွယ်ချက် ထားပြီး လုပ်ပိုင်ခွင့်နဲ့ကြိုးစားအားထုတ်ပိုင်ခွင့်တွေ သူ့မှာမရှိခဲ့လို့ပါ။ ဒါကြောင့်လည်း သူစာတော်တာကို သူကိုယ်တိုင်သိပေမဲ့ သူ့ကိုယ်ပိုင်ရည်မှန်း ချက်ထားရှိခွင့်မရခဲ့လို့ ကြိုးစားအားထုတ်မှုကို လျှော့ချပစ်လိုက်တာ ဖြစ်ပါ တယ်။

အဲဒီစာတော်တဲ့ ကျောင်းသားဟာ မိဘတွေက ကန့်သတ်ပေးတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း တစ်သဝေမတိမ်းလိုက်နာရပြီး သူတို့ ရွေးချယ်ပေးခဲ့တဲ့ အလုပ်ကိုသာ လုပ်ခဲ့ရပါတယ်။ သူလုပ်ကိုင်နေရတဲ့အလုပ် က ခက်ခဲပင်ပန်းပြီး သူစာတော်ခဲ့တဲ့ အရည်အချင်းတွေနဲ့တောင် မလိုက်ဖက် ဘူးလို့ ကျွန်တော်ရှုမြင်မိပါတယ်။ သူ့မိဘတွေက သူ့အပေါ်စည်းကမ်းတွေ တင်း ကျပ်တယ်။ ကျောင်းသားဘဝမှာကတည်းက ရုပ်သံ၊ ဗွီဒီယိုကြည့်တာ၊ သီချင်းနားထောင်တာ၊ ဂိမ်းကစားတာ၊ သူငယ်ချင်းတွေနဲ့ အပြင်ထွက်တာတွေ

ကို လုံးဝပိတ်ပင်ထားခဲ့ပါတယ်။ ကျွန်တော်က အဲဒီကျောင်းသားရဲ့အခြေ အနေတွေကို အမှန်အတိုင်းသိမြင်လိုက်ရတဲ့နေ့ကစပြီး သူ့ရဲ့စာတော်တာတွေ ပညာထူးချွန်တာတွေကို လေးစားအားကျလိုစိတ်တွေ စတင်လျော့ကျလာခဲ့ ပါတယ်။ မိမိဘဝအောင်မြင်မှုအတွက် မိမိကိုယ်တိုင်ပုံဖော်ထုဆစ်ရမဲ့သဘော ဘဝအောင်မြင်မှုတွေအတွက် အခြားဘယ်သူရဲ့ စည်းမျဉ်းစည်းကမ်းတွေကို မှ အတိအကျလိုက်နာနေစရာမလိုပဲ အခြေအနေ အချိန်အခါရနိုင်တဲ့ အခွင့် အလမ်းဖြစ်နိုင်တဲ့အကျိုးရလဒ်တွေကို ချိန်ဆပြီး မိမိရဲ့ကိုယ်ပိုင်အောင်မြင် ရေးလမ်းကြောင်းကို ကိုယ်တိုင်တည်ဆောက်မှဖြစ်မယ်ဆိုတာကို ကျွန်တော် ကောင်းစွာ သဘောပေါက်လာခဲ့ပါတယ်။

ဘယ်သူမဆို ကိုယ်ပိုင်အောင်မြင်မှုရရှိရေးအတွက် ကြိုးစားနေစဉ် ကာလတစ်လျှောက် အခြားဘယ်သူနဲ့မှ အံတုဖက်ပြိုင်တာ၊ မနာလိုမရှုဆိတ် တာ၊ လေးစားအားကျတာတွေ လုံးဝထားရှိစရာမလိုပဲ မိမိကိုယ်ပိုင်အဓိပ္ပာယ် ဖွင့်ဆိုထားတဲ့ အောင်မြင်မှုရရှိအောင် သာမန်စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ပြီး ကိုယ်ပိုင်ဟန်နဲ့ ခရီးဆက်နိုင်ဖို့သာ အဓိက အရေးကြီးပါတယ်။

သင့်အား မနာလိုမရှုဆိတ်ဖြစ်နေသူတွေရဲ့အကြောင်းကို သင်စဉ်းစား တွေးတောဖူးပါသလား သင့်အနေနဲ့ မိမိရည်မှန်းချက်ပြည့်မြောက်ရေးက အဓိကလို့ စိတ်ပိုင်းဖြတ်ပြီး ကြိုးစားနေချိန်မှာ အခြားအရေးမပါတဲ့ တွေးတော မှုတွေကို လုံးဝရှောင်ကြဉ်နိုင်ဖို့ လိုပါတယ်။ အချို့လူတွေကို ကြည့်လိုက်တဲ့ အခါ အတော်အတန်အောင်မြင်၊ ကြွယ်ဝနေသလိုလို၊ နောက်ထပ်မြင့်မား တဲ့ အောင်မြင်မှုတွေရတော့မယ့် ပုံဖမ်းပြနေပေမဲ့ အချိန်ကာလတိုအတွင်း မထင်မှတ်ထားတဲ့အကြောင်းတရား အမျိုးမျိုးကြောင့် ကျရှုံးသွားရတာတွေကို လည်း တွေ့လာနိုင်ပါတယ်။

သင့်အနေနဲ့ကံကောင်းခြင်းတွေနဲ့ မွေးဖွားလာတဲ့သူတွေ၊ အဘက် ဘက်က ပြီးပြည့်စုံတဲ့ သူတွေကိုတွေ့တိုင်းအမြဲအားကျနေစရာမလိုအပ်သလို၊ မနာလိုစရာလည်း မလိုပါဘူး၊ သင်က သမားရိုးကျစည်းမျဉ်းစည်းကမ်းတွေ ကို ချိုးဖောက်ပြီး ကိုယ့်နည်းကိုယ်ဟန်နဲ့ အောင်မြင်မှုရယူချင်တယ်ဆိုရင်... သင့်ရဲ့လိုအပ်ချက်တွေက ဘာလဲဆိုတာကို စိစစ်ပါ... အခြေအနေ အချိန် အခါနဲ့ အခွင့်အလမ်းကောင်းတွေကို အံဝင်ခွင်ကျအသုံးချနိုင်အောင် သတိ

ထားစောင့်ကြည့်ပေးပါ။ သင့်ရဲ့အားနည်းချက်များနှင့် အားသာချက်များကို ချိန်ထိုးပေးပါ။

ဘဝအောင်မြင်မှုအတွက် ရည်မှန်းချက်ချပြီး ဆောင်ရွက်နေစဉ် အတွင်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်တဲ့ စိတ်ခိုင်မာစွာ ထားရှိပေးပါ။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၂

သူတစ်ပါးအပေါ် မနာလိုမရှုဆိတ်မဖြစ်ပါနှင့်။

ချီးဟောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင့်အတွက် ကျွမ်းကျင်မှုအရည်အချင်းများ လိုအပ်ပါတယ်

ခက်ခဲကြမ်းတမ်းသော အလုပ်များလုပ်ရခြင်းကြောင့် သင်ချွေးထွက်ဖူးပါသလား။ အကောင်းဆုံးသော အဆင့်အတန်းတစ်ခုကို ရောက်ရှိဖို့ အတွက် ဖိအားပေးခြင်းတွေ ခံခဲ့ရပါသလား။

သင့်ဆရာသမား၊ မိဘ၊ မိတ်ဆွေအပေါင်းအသင်း၊ နည်းပြတို့က သင့်အနာဂတ်မှာ သင့်အတွက် အဆင်ပြေစေဖို့ ဘယ်လိုအရည်အချင်းတွေ လိုအပ်တယ်လို့ ပြောဖူးပါသလဲ။

အရည်အချင်းတွေကို စစ်ဆေးတဲ့ စာမေးပွဲတွေဖြစ်တဲ့ အတန်းစာမေးပွဲ ဖြစ်စေ... အလုပ်ခွင်အတွက် စစ်ဆေးသော စာမေးပွဲဖြစ်စေ၊ သင့်ဘက်က စာမေးပွဲရလဒ်အပေါ်မူတည်ပြီး သင်နဲ့ထိုက်တန်တဲ့အတန်းပညာ ဘာသာရပ် သင်ကြားခြင်း၊ လုပ်ငန်းခွင်ဝင်ရောက်ခြင်းတို့ကို ဖန်တီးပေးပါလိမ့်မယ်။ ဒါဟာ သာမန်အခြေအနေအရ ကန့်သတ်ထားတဲ့၊ စည်မျဉ်းစည်းကမ်းတွေနဲ့ ညီတဲ့ ကျွမ်းကျင်မှုအရည်အချင်းတွေသာ ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကန့်သတ်ထားတဲ့ အရည်အချင်းမရှိသူတွေကို ကျွန်ပ်တို့ ဘယ်လို

ရှုမြင်နိုင်ပါသလဲ။ အရည်အချင်းမရှိသူတွေသက်သက်အဖြစ် သတ်မှတ်မှာလား။ ဒါမှမဟုတ် ကန့်သတ်ထားတဲ့စည်းမျဉ်းစည်းကမ်းတွေထဲမှာ ဘောင်ဝင်အောင် အရည်အချင်းမပြနိုင်တဲ့သူတွေအဖြစ် သတ်မှတ်မှာလား။

ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီးဖြစ်တဲ့ အိုင်းစတိုင်းဟာ တက္ကသိုလ်စာမေးပွဲကျရှုံးခဲ့သူဖြစ်ပြီး သူ့ရဲ့ကျရှုံးမှုက သူ့ရဲ့ကမ္ဘာကျော်အောင်ထူးချွန်တဲ့ ကျွမ်းကျင်မှုအရည်အသွေးတွေကို နည်းနည်းလေးမှ ဟန့်တားနိုင်ခြင်းမရှိခဲ့တာ တွေ့ရပါတယ်။ ဒါကိုကြည့်ရင် သာမန်ကန့်သတ်ထားပြီး လူအများစု အသိအမှတ်ပြုလက်ခံကျင့်သုံးနေတဲ့ စည်းမျဉ်းစည်းကမ်းတွေက ကမ္ဘာကျော်အောင်ထူးချွန်တဲ့ အရည်အသွေးရှိသူကို တိုင်းတာ၊ စိစစ်၊ အဖြေထုတ်နိုင်စွမ်းမရှိတာကို အိုင်းစတိုင်းက သက်သေပြသွားတယ်လို့ ဆိုနိုင်ပါတယ်။

တစ်နည်းအားဖြင့် စစ်မှန်တဲ့ အရည်အသွေးအချို့ကို သာမန်စည်းမျဉ်းစည်းကမ်းတွေနဲ့ ဘောင်ခတ်ပြီး သတ်မှတ်ပေးလို့မရပါဘူး၊ လောကမှာ အချို့သော အောင်မြင်မှုတွေဟာ သာမန်စည်းမျဉ်းစည်းကမ်းတွေပါရှိတဲ့ စာမေးပွဲတွေနဲ့ ဆန့်ကျင်တဲ့... ကိုယ်ပိုင်၊ သီးခြားအဖြစ် တည်ရှိနေတတ်တဲ့ အကန့်အသတ်မဲ့အောင်မြင်မှုတွေ ဖြစ်နေတတ်ပါတယ်။

ကျွန်တော်ဟာ ကျောင်းထွက်ခဲ့ပြီး ၂ နှစ်လောက်ကြာတဲ့အချိန်မှာ အလုပ်မျိုးစုံကို လုပ်ခဲ့ရပြီး ကျွန်တော်အလုပ်လုပ်ခဲ့ပေးတဲ့ အလုပ်ရှင်တိုင်းကလည်း ကျွန်တော်ပညာအရည်အချင်းဘယ်လောက်ရှိတယ်ဆိုတဲ့ မေးခွန်းမမေးပဲ သူတို့ခိုင်းတဲ့အလုပ် ကျွန်တော်လုပ်နိုင်မလုပ်နိုင်ဆိုတာကိုသာ အဓိကထားစောင့်ကြည့်ခဲ့ပါတယ်။ ကျွန်တော့်ဘဝမှာ ကျွန်တော်ဖြေဆိုခဲ့ရတဲ့ စာမေးပွဲတွေထက် လုပ်ခဲ့ရတဲ့အလုပ်အမျိုးအစားတွေက ပိုမိုများပြားခဲ့ပါတယ်။

အကယ်၍ သင်က အသက် ၁၈ နှစ်မှာ အလုပ်လုပ်တယ်ဆိုရင် အလုပ်ရှင်တိုင်းက သင့်ကိုအလုပ်ကြိုးစားဖို့အားပေးတိုက်တွန်းကြမှာဖြစ်ပြီး သင်ကအသက် ၂၈ နှစ်အရွယ်မှာ အလုပ်စလုပ်တယ်ဆိုရင်တော့ သင်ကျောင်းနေခဲ့စဉ်တုန်းက အခြေအနေတွေထက်လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်း သင်ဘယ်မှာ ဘာလုပ်နေတယ်ဆိုတဲ့အချက်ကို ပိုပြီး စိတ်ဝင်တစားမေးလာနိုင်ပါတယ်။

ကျွန်တော့်ဘဝမှာ လေ့လာသင်ယူစရာတွေနဲ့ပတ်သက်ပြီး ဘယ်ဟာတွေကို ရွေးချယ်ရမှန်းမသိခဲ့တာကြောင့် ချွေးပြန်ခဲ့ရဖူးတယ်။

ကျွန်တော်ကျောင်းတက်စဉ်က ဓာတုဗေဒကို သင်ရမလား (သို့) ရူပဗေဒလား။ ဒါမှမဟုတ် သမိုင်းယူရင် ကောင်းမလား... ဆိုပြီး ရွေးချယ်ရခက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ အကောင်းဆုံးအကြံပြုချင်တာက သင်ဟာကျောင်းသားတစ်ယောက်ဖြစ်ပြီး ဘယ်ဘာသာကို အထူးပြု သင်ယူရမယ်ဆိုတာကို ရွေးချယ်ရခက်နေရင် သင်အနှစ်သက်ဆုံး စိတ်ဝင်စားမှုအရှိဆုံးသော ဘာသာကိုသာ အဓိက ရွေးချယ်ပါလို့ ပြောချင်ပါတယ်။

ဘာသာရပ်တိုင်းဟာ သူ့နည်းသူ့ဟန်အလိုက် တန်ဖိုးရှိတဲ့ ဘာသာရပ်တွေဖြစ်သော်လည်း သင့်စိတ်ဓျော်ရွှင်မှုဖြစ်စေမဲ့ ဘာသာရပ်ကိုသာ အဓိက ရွေးချယ်ပေးပါ။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၃

စာမေးပွဲတွေဟာ ဘဝအောင်မြင်မှုအတွက် အမှန်တကယ်လိုအပ်တဲ့ အရည်အချင်းတွေကို တိုင်းတာပေးနိုင်စွမ်းမရှိပါ။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင့် မိဘများက အမြဲတစေမှန်ကန်မှုရှိပါတယ်

ဒီအခန်းဟာ ငယ်ရွယ်သူတွေကို အဓိကရည်ညွှန်းပြီး ပြောဆိုလိုတဲ့ အပိုင်းဖြစ်ပါတယ်။

ကျွန်တော်တို့ငယ်ရွယ်စဉ်ကာလတစ်လျှောက် မိဘတွေချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအပေါ် စိတ်ကျေနပ်ခြင်း လုံးဝမရှိခဲ့ပါဘူး။ မိဘတွေ ဘက်ကသူတို့ရဲ့တာဝန်ဝတ္တရားတွေအရ သားသမီးတွေ လိမ္မာရေးခြားရှိ အောင် စည်းကမ်းတွေသတ်မှတ်ခြင်းအပေါ် သာမန်လုပ်ရိုးလုပ်စဉ်သာ ဖြစ်တယ်လို့ ကျွန်တော်တို့ယူဆခဲ့ကြပါတယ်။

ကျွန်တော်တို့ဆယ်ကျော်သက်ရွယ်ကိုရောက်လာချိန်မှာ ကျွန်တော်တို့သူငယ်ချင်းအချို့ရဲ့မိဘတွေနဲ့ ကျွန်တော်တို့ရဲ့မိဘတွေအကြား ကွာခြားမှုတွေကို တွေ့လာခဲ့ရပါတယ်။ ဒီအခါ ကျွန်တော်တို့ရဲ့စိတ်ခံစားမှုတွေကအစ အစဲစအရာရာမှာ အပြောင်းအလဲတွေရှိလာပါလိမ့်မယ်။

ကျွန်တော်တို့အနေနဲ့ သားသမီးနေရာမှာ အခွင့်အရေးတွေ အပြည့်ယူ

ပြီး မိဘတို့တတ်နိုင်တဲ့ကိစ္စဖြစ်စေ၊ မတတ်နိုင်တဲ့ကိစ္စဖြစ်စေ အရာရာကို ဖြည့်စွမ်းပေးစေချင်တဲ့ စိတ်တွေထားရှိခဲ့မိပါတယ်။

မိဘတိုင်းအနေနဲ့ ၎င်းတို့ရဲ့သားသမီးတွေအပေါ် အစစအရာရာ ကောင်းမွန်စေလိုတာကြောင့် နေရာကဏ္ဍအလိုက် စည်းမျဉ်းစည်းကမ်းတွေကို သတ်မှတ်လေ့ရှိကြပါတယ်။ မိဘတွေရဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာတွေ ရောနှောပါဝင်နေတဲ့ အဲဒီစည်းကမ်းတွေဟာ သားသမီးတွေ ကောင်းစားဖို့၊ လိမ္မာရေးခြားရှိပြီး အပြစ်ကင်းစင်ဖို့အဓိကရည်ရွယ်နေသော်လည်း အဲဒီ စည်းမျဉ်းစည်းကမ်းတွေက သားသမီးတွေရဲ့ ကိုယ့်ဘဝကိုယ်ဖန်တီးတည်ဆောက်နိုင်စွမ်းတွေကို မျှားစွာဟန့်တားနေပါလိမ့်မယ်။

အချို့သောမိဘတွေဟာ သားသမီးတွေရဲ့ဘဝပန်းတိုင်အတွက် အလွယ်တကူလျှောက်နိုင်မဲ့လမ်းကြောင်းကို ဖန်တီးပေးနိုင်ကြပြီး အချို့ကတော့ သားသမီးတွေအတွက် ဘဝပေးအခြေအနေအရ ဘာဆိုဘာမှ မစွမ်းဆောင်ပေးနိုင်ပါဘူး။ သင့်အနေနဲ့ ကိုယ်ပိုင်ဘဝတိုးတက်အောင်မြင်မှုကို ကိုယ်တိုင်တည်ဆောက်ချင်တယ်ဆိုရင်တော့ မိဘတွေက ပံ့ပိုးပေးသည်ဖြစ်စေ၊ မပံ့ပိုးပေးနိုင်သည်ဖြစ်စေ၊ ချိုးဖောက်သင့်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ပြီး စိတ်ကူးအိပ်မက်တွေကို အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံးက မိဘတွေရဲ့ကျေးမွေးပြုစုစောင့်ရှောက်မှုအောက်မှာ ကြီးပြင်းလာကြရင်း ကျွန်ုပ်တို့ရဲ့ကိုယ်ပိုင်တန်ဖိုး၊ ကိုယ်ပိုင်မျှော်လင့်ချက်ကိုယ်ပိုင်အတွေ့အကြုံတွေ ကျွန်တော်တို့ရဲ့စိုးရိမ်ပူပန်မှုတွေနဲ့ အတူ ဘဝကို ရှေ့ဆက်လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။

သားသမီးတွေရဲ့ငယ်စဉ်ကာလကတည်းက စဉ်းစားတွေးခေါ်မှုနဲ့ ရည်မှန်းချက်တွေကလည်း တစ်ယောက်နဲ့တစ်ယောက်ကွဲပြားမှုရှိတာ တွေ့ရပါတယ်။

အချို့သော သားသမီးတွေက မိဘတွေချမှတ်ပေးထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအားလုံးကို အကုန်အစင်ဆန့်ကျင်ကြတယ်။ အချို့သော သားသမီးတွေကတော့ စည်းကမ်းသတ်မှတ်ချက်တွေကို တစ်ဝက်လိုက်နာတတ်ကြတယ်။ အချို့သော သားသမီးတွေက မိတ်ဖွဲ့တတ်ကြတယ်။ အချို့

သော သားသမီးတွေကတော့ စွန့်စားမှုကို နှစ်သက်တတ်ကြတယ်။ အချို့ကအရာရာကို အလွယ်တကူလက်မြှောက်အရှုံးပေးတတ်ပြီး အချို့ကတော့ မလျှော့သော ဇွဲနဲ့ကြိုးစားတတ်ကြပါတယ်။ အချို့ကျတော့လည်း အရာရာကို စဉ်းစားတွေးခေါ်ဉာဏ်ရှေ့ထားပြီး ဆုံးဖြတ်တတ်ကြတယ်။ သင်ကအခုဖော်ပြတဲ့သူတွေထဲက ဘယ်သားသမီးအမျိုးအစားထဲမှာပါသည်ဖြစ်စေ၊ ချိုးဖောက်သင့်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုအပ်သလို ချိုးဖောက်ပြီး ဘဝအောင်မြင်မှုရရှိအောင် လုပ်ဆောင်ရပါလိမ့်မယ်။ သင့်အနေနဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်တယ်ဆိုရာမှာ သင့်ဘဝတိုးတက်အောင်မြင်ရေးမှာ အတားအဆီးအပိတ်အဆို့ဖြစ်စေတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခြင်းဖြစ်တယ်လို့ ခံယူပေးပါ။

ကျွန်တော့်ရဲ့အကြီးဆုံးသားက ကျွန်တော့်ကို အကြောင်းအရာတစ်ခုနဲ့ပတ်သက်ပြီး စိန်ခေါ်ခဲ့ဖူးပါတယ်။ အဲဒါကတော့ ကျွန်တော်ဟာ မိဘဖြစ်တာ ၁၄ နှစ်လုံးလုံးကြာခဲ့ပြီးဖြစ်လို့ သားသမီးတွေနဲ့ပတ်သက်ပြီး ဘာတွေလုပ်ပေးဖို့လိုတယ်ဆိုတာကို သိသင့်တယ်လို့ပြောတဲ့စကားပဲဖြစ်ပါတယ်။ ဒီစကားဟာ ကျွန်တော့်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်စေပြီး ရုတ်တရက် ဘယ်လိုတုံ့ပြန်ရမယ်ဆိုတာကိုပါ မသိခဲ့ပါဘူး။ ကျွန်တော်က ခဏအကြာမှ သားဖြစ်သူကို ဆွေးနွေးတဲ့ပုံစံနဲ့ တုံ့ပြန်ပြောဆိုခဲ့ပါတယ်။ ကျွန်တော်က မိဘနေရာမှာ တာဝန်ရှိသူမဖြစ်ခင်ကတည်းက မိဘတွေရဲ့အပိုင်းကဏ္ဍနဲ့ ပတ်သက်ပြီး ငယ်စဉ်ကတည်းက အစစအရာရာကိုကြည်ကိုးစွာ နားလည်ခဲ့တဲ့အကြောင်း ကျွန်တော်ကိုယ်တိုင် မိဘတွေချမှတ်တဲ့စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခဲ့ဖူးကြောင်း မိဘတွေရဲ့စည်းကမ်းစည်းမျဉ်းတွေကို ချိုးဖောက်ခြင်းဟာ မိဘတွေကို စော်ကားခြင်း၊ ကျေးဇူးကန်းခြင်း သဘောမဟုတ်ဘဲ မိမိဘဝတိုးတက်အောင်မြင်ရေးအစီအစဉ်ကို ကိုယ်တိုင်အကောင်အထည်ဖော်တဲ့သဘောသာဖြစ်တဲ့အကြောင်း သားဖြစ်သူကို သေချာရှင်းပြလိုက်ပါတယ်။

အချို့သော မိဘတွေက ပင်ကိုအရည်အသွေးအရ စဉ်းစား ဆွေးခေါ်နိုင်စွမ်းတွေ မြင့်မားကြသော်လည်း သားသမီးတို့တိုးတက်ရေးနဲ့ သားသမီးတို့ရဲ့ စိတ်ကျေနပ်မှုရစေမဲ့ အခြေအနေတွေကို ဖန်တီးပေးနိုင်စွမ်း မရှိကြပါ

ဘူး။ အချို့သော မိဘတွေကတော့ သူတို့ကိုယ်တိုင်စဉ်းစား တွေးခေါ်နိုင်မှုတွေ အားနည်းသော်လည်း သားသမီးတို့စိတ်ကျေနပ်မှုရစေတဲ့အထိ လွတ်လပ်စွာ စဉ်းစားတွေးခေါ်ဆုံးဖြတ်ပိုင်ခွင့်တွေကို ပေးထားပြီး ဖြစ်ပါတယ်။

အချို့မိဘတွေကျတော့လည်း သူတို့ရဲ့စဉ်းစားဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းတွေက သားသမီးတွေရဲ့ဘဝတိုးတက်အောင်မြင်ရေးကို သိသာစွာအကျိုးသက်ရောက်စေတတ်တာ တွေ့ရပါတယ်။

သို့သော်လည်း သားသမီးလုပ်သူတွေအနေနဲ့ ကိုယ်တိုင်စဉ်းစားဆုံးဖြတ်ရမှာကို အားနာနောက်တွန့်ခြင်းရှိဖို့ မလိုအပ်ပါဘူး။ မိဘတွေရဲ့စိတ်ကူးစိတ်သန်းတွေ ဘယ်လောက်ပဲကောင်းကောင်း သင်ဟာ အရွယ်ရောက် လူလားမြောက်ပြီးသူဖြစ်ရင် ကိုယ်ပိုင်စဉ်းစားဆုံးဖြတ်ချက်တွေ ချပြီး ဘဝတိုးတက်အောင်မြင်ရေး အစီအစဉ်ကို အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

ဒီတော့ အကောင်းဆုံးသော အစီအစဉ်အနေနဲ့ သင့်မိဘတွေ ပြောဆိုအကြံပြုတဲ့စကားတွေကို ယဉ်ကျေးစွာ နားထောင်ပါ။ ထို့နောက် သင့်စိတ်ကူးအကြံစည်ရှိထားတဲ့အတိုင်း လိုအပ်သလို ပြောင်းလဲပေးပါ။

မိဘတွေရဲ့ပြောဆိုတဲ့စကားတွေက တစ်ခါတစ်ရံ မှန်ကန်တတ်သော်လည်း အစဉ်အမြဲ မှန်ကန်မှုမရှိတာကို သတိပြုပါ။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၄

သင့်ဘဝအတွက် အစစအရာရာကောင်းမွန်စေဖို့ သင့်မိဘတွေဆီက နေ သိပ်ပြီးမမျှော်လင့်ပါနှင့်။

ချီးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင်နှင့်ပတ်သက်သမျှ သင့်မိဘတွေမှာ တာဝန်ရှိပါတယ်

သင့်မိဘတွေက သင်နဲ့ပတ်သက်သမျှ အစစအရာရာ တာဝန်ရှိသူတွေဖြစ်သော်လည်း အမြဲတစေ တာဝန်ကျေပွန်နိုင်စွမ်းမရှိကြပါဘူး။ နောက်ပြီး မိဘတွေဘက်က အမှားအယွင်းတွေရှိခဲ့ရင်လည်း သားသမီးဖြစ်တဲ့ သင်က မိဘတွေအပေါ် ဝေဖန်ပြစ်တင်နိုင်ခွင့်မရှိပါဘူး။ မိဘတွေဘက်က သားသမီးတွေအပေါ်ထားရှိတဲ့ တာဝန်ဝတ္တရားတွေက တစ်ခါတစ်ရံပိုလွန်းတတ်ပြီး တစ်ခါတစ်ရံလည်း သားသမီးရဲ့လိုအပ်ချက်တွေနဲ့ လွဲချော်နေတတ်ပါတယ်။

မိဘတွေနဲ့ပတ်သက်တဲ့ တာဝန်ဝတ္တရားတွေအပေါ် သင့်ဘက်က တစ်စုံတစ်ရာငြင်းပယ်ခြင်း၊ ဆန့်ကျင်ခြင်းတွေ မလုပ်နိုင်သော်လည်း သင့်အသက်အရွယ်နှင့်လိုက်ဖက်ကိုက်ညီတဲ့ စဉ်းစားတွေးခေါ်မှုတွေရှိတဲ့ အချိန်မှာတော့ သင့်ဘဝတိုးတက်မှုကို ဟန့်တားနေတဲ့ စည်းမျဉ်းစည်းကမ်းတွေကို သင်ကိုယ်တိုင် အခြေအနေအချိန်အခါသင့်စွာနဲ့ ချိုးဖောက်နိုင်ပြီ ဖြစ်ပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၅

သင့်မိဘများအား ကြားဖြတ်စီမံဆုံးဖြတ်ခွင့်ပေးလိုက်ပါ။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

လောကကြီးက သင့်ကို ဆန့်ကျင်နေတယ်

ကျွန်ုပ်တို့အားလုံးရဲ့ဘဝတွေကို လေ့လာရင်ကောင်းသော အခြေအနေ အကြောင်းတရားတွေရဲ့ကြားဖြတ်ကောင်းကျိုးပေးခံရတာတွေ ရှိခဲ့သလို မဖြစ်ကောင်းသော အခြေအနေ အဖြစ်အပျက်တွေရဲ့ကြားဝင် နှောင့်ယှက်ခြင်းကိုလည်း ခံခဲ့ရတာ တွေ့ရပါလိမ့်မယ်။

အချို့သော လူတွေက ကျွန်ုပ်တို့ကို ဆိုးဆိုးရွားရွား ဆက်ဆံကြတယ်။ သို့သော်လည်း အဲဒီဆိုးရွားတဲ့ ဆက်ဆံရေးတွေထဲကနေ ကျွန်ုပ်တို့အားလုံး ကံကောင်းမှုတွေ ရရှိခဲ့တာလည်း ရှိတတ်ပါတယ်။

ကျွန်ုပ်တို့မှာ ဆရာကောင်းသမားကောင်းတွေ ရှိခဲ့သလို မိတ်ဆွေတု မိတ်ဆွေယောင်တွေလည်း များပြားစွာ ရှိနေတတ်ပါတယ်။

ကျွန်ုပ်တို့အနေနဲ့ ဘယ်လိုလူမျိုးတွေနဲ့ပဲ ကြုံတွေ့ရသည်ဖြစ်စေ စိတ်ပျက်အားငယ်တဲ့စိတ်မထားရှိပဲ ဘဝရည်မှန်းချက်ရှိထားတဲ့အတိုင်း အောင်မြင်အောင်ဆက်လက်ကြိုးစားရမှာ ဖြစ်ပါတယ်။

သင့်အနေနဲ့ လောကမှာ တွေ့ကြုံရသူတိုင်းအပေါ် သင့်အပေါ်

ဆန့်ကျင်နေတဲ့သူတွေအဖြစ် မသတ်မှတ်ပဲ သင့်ကိုခံနိုင်ရည်ရှိအောင် လေ့ကျင့်ပေးသူတွေအဖြစ် သဘောထားပေးပါ။

သင့်အနေနဲ့ အတိတ်ကာလက ကြုံတွေ့ခဲ့ရသော အခြေအနေများ၊ လက်ရှိကြုံတွေ့ ခံစားနေရသော အခြေအနေများအပေါ် ချင့်ချိန်သုံးသပ်ပြီး ဘာလုပ်သင့်တယ်ဆိုတာကို စဉ်းစားဆုံးဖြတ်အဖြေထုတ်ရမှာ ဖြစ်ပါတယ်။

သင့်ဘဝမှာ အတိုက်အခံ အတားအဆီးတွေ ဘယ်လောက်ပဲများများ၊ သင်ဘဝတိုးတက်အောင်မြင်ရေးအစီအစဉ်တွေအတွက် အကောင်းဆုံး အကောင်အထည်ဖော်နိုင်ဖို့ကသာ အဓိကအရေးပါနေမှာ ဖြစ်ပါတယ်။

သင့်အနေနဲ့ ဘဝအောင်မြင်ရေးအတွက် လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်ပဲ သင့်ကိုအတိုက်အခံပြုနေသူတွေအပေါ် အပြစ်တင်နေမယ်ဆိုရင် သင်ဟာ ကျရှုံးခြင်းရဲ့ သားကောင်ဘဝကိုရောက်မှန်းမသိရောက်သွားမှာ ဖြစ်ပါတယ်။ လောကမှာ အတိုက်အခံအတားအဆီးတွေ ဘယ်လောက်ပဲများများ မကောင်းသောလူတွေဘယ်လောက်ပဲ များများသင့်အတွက် ကောင်းကျိုးပြုမဲ့ အရင်းအမြစ်တွေကလည်း ဒုနဲ့ဒေးရှိနေတယ်ဆိုတာကို သင်ကိုယ်တိုင် လက်ခံထားဖို့ လိုပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၆

သင်ဟာ သင့်ကိုယ်ပိုင်ဘဝအတွက် အဓိကတာဝန်ရှိသူဖြစ်ပါတယ်။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

ကျွန်ုပ်တို့အားလုံးမှာ အလေးစားခံရမယ့် အခွင့်အရေးလုံးဝဥသုံ့ရှိနေပါတယ်

ကျွန်တော့်ရဲ့သားသမီးတွေက တစ်ယောက်နဲ့တစ်ယောက် ဝိစီမှုတ်ပြီး ခေါ်ရတာကို တော်တော်လေးနှစ်သက်ခဲ့ကြပါတယ်။ သူတို့က ရာသီဥတု အခြေအနေမကောင်းချိန်မှာပဲဖြစ်ဖြစ် ကောင်းတဲ့အချိန်မှာပဲဖြစ်ဖြစ်၊ စိတ်ရှုပ်ထွေးနေတဲ့အချိန်မှာပဲဖြစ်ဖြစ် ဝိစီမှုတ်ခြင်းကိုတော့ လုံးဝလက်မလျှော့ခဲ့ကြပါဘူး။

ဒီတော့ ကျွန်တော်က မကြာခင်အချိန်အတွင်းမှာပဲ အိမ်မှာ စည်းကမ်းသတ်မှတ်လိုက်ပါတယ်။ ကျွန်တော့်သားသမီးတွေက အဓိက လိုက်နာမဲ့ စည်းကမ်းကတော့ အိမ်အတွင်း သူတို့အချင်းချင်း အချက်ပြခေါ်ဆိုခြင်းတွေမှာ ဝိစီကို လုံးဝအသုံးမပြုရဘူးဆိုတဲ့ စည်းကမ်းချက်ပဲ ဖြစ်ပါတယ်။

ဝိစီနဲ့ပတ်သက်တဲ့ပြဿနာကို စည်းကမ်းချက်ထုတ်ပြီး ဖြေရှင်းပြီးတဲ့အခါ မောင်နှမ–ညီအစ်ကိုချင်း ခိုက်ရန်ဖြစ်ပွားတာ အငြင်းပွားတာတွေ ဖြစ်လာပြန်ပါတယ်။ မောင်နှမသားချင်း တစ်ခါတစ်ရံစကားများရန်ဖြစ်တဲ့

ပြဿနာတွေကို ကျွန်တော်တို့မိဘတွေက အပြီးသတ်စည်းကမ်းထုတ်ရတာတွေ ရှိပါတယ်။ ဒီလိုစည်းကမ်းကိုတော့ ဘယ်သူမှ ချိုးဖောက်ခွင့်မရှိသလို ချိုးဖောက်ခဲ့ရင်လည်း နောက်ဆက်တွဲအကျိုးသက်ရောက်မှုတွေက လုံးဝ မကောင်းနိုင်ပါဘူး၊ ကျွန်တော်က သားသမီးတိုင်း မိဘစကားကို တစ်သဝေ မတိမ်းလိုက်နာစေချင်ပါတယ်။ မိဘဘက်က မှားမှားမှန်မှန်ပေါ့။

မိဘနဲ့သားသမီးကြားမှာ ငြင်းခုံပြောဆိုတာ ဆန့်ကျင်ဘက်စကားတွေနဲ့ အတိုက်အခံလုပ်တာတွေများလာခဲ့ရင် အဲဒီသားသမီးတွေက ပတ်ဝန်းကျင်မှာရှိတဲ့သူတွေနဲ့ရော၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ပါ ငြင်းခုံရဲတဲ့အလေ့အကျင့်၊ စကားများရန်ဖြစ်ရဲတဲ့ အလေ့အကျင့်တွေ ကျင့်သားရသွားပါလိမ့်မယ်။ မကောင်းတဲ့အလေ့အကျင့် ကျင့်သားရသွားခဲ့ရင် အလေ့အထတစ်ခုအဖြစ် စွဲမြဲလာပြီး ဘဝတိုးတက်မှုဖြစ်စေတဲ့ အခြေအနေအရပ်ရပ်ကို ထိပါးနှောင့်ယှက်လာလိမ့်မယ်လို့ ကျွန်တော် အခိုင်အမာ ယုံကြည်ထားပါတယ်။

သို့သော်လည်း သားသမီးတွေရဲ့ ငြင်းခုံမှုတွေက တစ်ခါတစ်ရံဖြစ်စေ၊ အမြဲတမ်းလိုလိုဖြစ်စေ၊ မှန်ကန်နေခဲ့ရင်တော့ ငြင်းခုံမှုလုပ်ခြင်း အလေ့အကျင့်ကနေခိုင်မာတဲ့ ယုံကြည်ချက်ထားနိုင်တဲ့သူတွေအဖြစ် ပြောင်းလဲအောင် လေ့ကျင့်ပေးရပါလိမ့်မယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၇

လေးစားမှုနှင့် စိတ်ရှည်သည်းခံမှုတို့အကြား မျှတညီညွတ်မှုတစ်ခု ရှိနေပါတယ်။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင်က မိတ်ဆွေအပေါင်းအသင်းကို ရွေးချယ်နိုင်သော်လည်း သင့် မိသားစုကိုတော့ ရွေးချယ်နိုင်ခြင်းမရှိပါဘူး

စိတ်ပညာရှင်တို့ရဲ့အဆိုအရ မိသားစုတစ်ခုအတွင်းမှာရှိတဲ့ မောင်နှမသားချင်းတွေဟာ မိဘဖြစ်သူရဲ့အာရုံစိုက်ခြင်းခံရစေဖို့အတွက် တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင် ကြိုးစားရင်း၊ တစ်ယောက်အရည်အသွေးကို တစ်ယောက်က အပြန်အလှန်ပြရင်း ကြီးပြင်းလာကြတာဖြစ်တယ်လို့ သိရပါတယ်။

အချို့သော မိသားစုတွေမှာ မောင်နှမတွေထဲမှ ညီအစ်မ (မိန်းကလေးအုပ်စု) နဲ့ ညီအစ်ကို (ယောကျ်ားလေးအုပ်စု) တို့ကို မိဘတွေက ခွဲခြားဆက်ဆံတာ တွေ့ရပါတယ်။ ဒါကို တရားမျှတမှုမရှိဘူးလို့ ဆိုနိုင်ပါတယ်။ မိဘများအနေနဲ့ ယောကျ်ားကလေးတွေကို နှိမ်ပြီး ဆက်ဆံတာဖြစ်စေ၊ မိန်းကလေးတွေကို နှိမ်ပြီး ဆက်ဆံတာဖြစ်စေ၊ ကလေးတွေက အသက်အရွယ်အရရော ဦးနှောက်ပိုင်းမှာပါ ရင့်ကျက်မှုမရှိသေးတာကြောင့် စိတ်ပိုင်းဆိုင်ရာ အကြီးအကျယ်ထိခိုက်မှုတွေကိုဖြစ်လာစေတတ်ပါတယ်။

သင်က မိဘနေရာမှာ ရှိနေပြီး သားသမီးတွေကို စိတ်တိုင်းမကျတိုင်း အပြောင်းအလဲလုပ်တာ၊ အသစ်အစားထိုးတာတွေလုပ်ဖို့ မဖြစ်နိုင်သလို သားသမီးနေရာမှာရှိခဲ့ရင်လည်း မိဘအသစ်တွေကို ရှာပြီး အစားထိုးနိုင်ခြင်း လုံးဝမရှိပါဘူး။ လောကမှာ အိမ်ထောင်ဖက်လက်တွဲဖော်၊ မိတ်ဆွေ အပေါင်းအသင်းတွေကို ရွေးချယ်၊ အစားထိုးခြင်း၊ ပြောင်းလဲခြင်းတွေ လုပ်ပေးနိုင်သော်လည်း မိသားစုအသိုက်အမြုံ၊ ညီအစ်ကိုမောင်နှမတွေ ကိုတော့ အစားထိုး ရွေးချယ်လို့ လုံးဝမရနိုင်တဲ့သဘောကို ဆိုလိုပါတယ်။ တစ်နည်းအားဖြင့် မိဘက မိဘ–သားသမီးက သားသမီး–အိမ်ထောင်ဖက် က အိမ်ထောင်ဖက်–ညီအစ်ကိုမောင်နှမတွေက ညီအစ်ကိုမောင်နှမတွေပဲ ဖြစ်ပြီး အပေါင်းအသင်းက အပေါင်းအသင်းသပ်သပ်ပဲဖြစ်တဲ့သဘောကို ရည်ညွှန်းပါတယ်။

ကျွန်တော် တွေ့ဖူးတဲ့ ညီအစ်ကို ၂ ယောက်ဟာ ငယ်စဉ်ကတည်းက တစ်ယောက်နဲ့တစ်ယောက်မတည့်ပဲ မကြာခဏ ခိုက်ရန်ဖြစ်ပွားတတ်ကြပါ တယ်။

သူတို့က အတူတူကစားနေရင်းကနေ စကားများ ရန်ဖြစ်တတ်တဲ့ သူတွေပေါ့၊ သူတို့ညီအစ်ကိုနှစ်ယောက်က စကားများရင်း၊ ရန်ဖြစ်ရင်းနဲ့ပဲ အရွယ်ရောက်လူလား မြောက်ခဲ့ကြပါတယ်။

အရွယ်ရောက်ပြီးချိန်မှာတော့ သူတို့ညီအစ်ကိုနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်စကားမပြောပဲ နေသားကျခဲ့ကြပါတယ်။

ဒီလိုနဲ့ သူတို့အဖေက ရုတ်တရက်ဆုံးသွားတယ်။

အဲဒီအချိန်ကစပြီး သူတို့ညီအစ်ကိုနှစ်ယောက်အတွက် ထိရောက်ပြီး အားကြီးတဲ့ထောက်ပံ့မှုတွေကို သူတို့ညီအစ်ကိုချင်း အပြန်အလှန် ထောက်ပံ့မှုနဲ့သာ ရရှိနိုင်တယ်၊ နှစ်ယောက်စလုံး သဘောပေါက်နားလည် သွားကြတယ်။

အဲဒီနေ့ကစလို့ အဲဒီမတည့်အတူနေ ညီအစ်ကို နှစ်ယောက်ဟာ စည်းလုံးညီညွတ်စွာနဲ့ မိတ်ဆွေကောင်းတွေရဲ့ ဆက်ဆံရေးကို တည်ဆောက် ဖြစ်ကြတာပေါ့။ ဒီတော့ တစ်ချိန်ကရှိခဲ့တဲ့ သူတို့ရဲ့မကောင်းတဲ့ ဓလေ့စရိုက် တွေကို အပြီးသတ်ဖယ်ရှားပစ်နိုင်ခဲ့ကြတယ်။

တစ်နည်းအားဖြင့် ဘဝအခြေအနေအကြောင်းတရားတွေရဲ့ တွန်းပို့မှုတွေက မိတ်ဆွေက မိတ်ဆွေ၊ ညီအစ်ကိုက ညီအစ်ကို မိသားစုက မိသားစု ဆိုတဲ့ စည်းကမ်းစည်းမျဉ်းက စည်းကမ်းစည်းမျဉ်းပဲဆိုတဲ့ ကန့်သတ်ချက်တွေကို ဖောက်ဖယ်ပြီး ဘဝကိုအကောင်းဆုံးရပ်တည်နိုင်အောင် ကိုယ်ပိုင်စည်းကမ်း သတ်မှတ်ချက်တွေထားရှိဖို့ လိုအပ်ပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၈

သင့်မောင်နှမရင်းချာတွေက သင့်ဘဝတစ်သက်တာအတွက် အကောင်းဆုံးသော မိတ်ဆွေတွေဖြစ်သင့်ပါတယ်။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

ဆရာတွေက အကောင်းဆုံးတွေကို သိကြတယ်။

ကျွန်တော်အသက် ၁၆ နှစ်အရွယ်၊ ကျောင်းကထွက်ပြီးတဲ့နောက်မှာ ကျွန်တော့်ရဲ့ဆရာက ကျွန်တော့်ကို ဘာမှဖြစ်မြောက်ထူးချွန်မယ့်သူ မဟုတ်ဘူး၊ ကျွန်တော်က လောကကြီးကိုလည်း မကယ်တင်နိုင်သလို နိုင်ငံကို ဦးဆောင်အုပ်ချုပ်မဲ့ဝန်ကြီးချုပ်တစ်ယောက်လည်းဖြစ်မလာနိုင်ဘူး... လို့ ပြောဆိုခဲ့ဖူးပါတယ်။

ထိုစဉ်က ကျောင်းဆရာအတော်များများဟာ စာသင်ခြင်းအလုပ်တစ်ခုတည်းက လွဲပြီးအခြားဗဟုသုတတွေ ပြောပြနိုင်တာ သိပ်မရှိခဲ့ပါဘူး။

နောက်ပြီး အဲဒီခေတ်ကာလတစ်လျှောက် ပညာအရည်အချင်းနဲ့ စရိုက်လက္ခဏာတူသူချင်း အိမ်ထောင်ကျတာတွေ ရှိခဲ့ပါတယ်။

တစ်နည်းအားဖြင့် အသွင်တူသူချင်း မိသားစုဘဝတွေကို တည်ထောင်ပြီး သူတို့ရဲ့ ကိုယ်ပိုင်ကျဉ်းမြောင်းတဲ့ လောကကမ္ဘာလေးတွေကို အသီးသီး တည်ဆောက်ခဲ့တာလို့ ဆိုနိုင်ပါတယ်။

ထိုခေတ်ကာလမှာ ပညာသင်ကြားရာဌာနဖြစ်စေ အသက်မွေးဝမ်းကျောင်းရာဌာနဖြစ်စေ ထုံးတမ်းစဉ်လာတွေအတိုင်း မိဘတွေ ချမှတ်ပေးတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပညာသင်အလုပ်လုပ်ခြင်းတွေကို လိုက်နာကြသူများခဲ့ပါတယ်။ အဲဒီစည်းကမ်းတွေအားလုံးကလည်း သားသမီးတွေရဲ့ ဘဝတိုးတက်ရေးကို များစွာရှေးရှုစေခဲ့ပါတယ်။

သို့သော်လည်း ထိုခေတ်က ဆရာအတော်များများဟာ သူတို့သိကျွမ်းနားလည်ထားတဲ့အသိပညာ၊ အတတ်ပညာစည်းဘောင်ကို ကျော်လွန်ပြီး စဉ်းစားတွေးခေါ်နားလည်နိုင်ခြင်းမရှိတာကြောင့် ကျောင်းသားတွေကို သူတို့လိုချင်တဲ့ပုံစံခွက်ထဲမဝင် ဝင်အောင်လေ့ကျင့်ခြင်းတွေကိုသာ တတ်နိုင်ခဲ့ကြပါတယ်။

ဆရာဖြစ်သူတွေအနေနဲ့ မိမိတို့သင်ကြားပြသပေးနေတဲ့ ကျောင်းသားတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေး ထူးချွန်ထက်မြက်နိုင်တဲ့ နယ်ပယ် စိတ်ပါဝင်စားမှုရှိတဲ့ ဝါသနာပါရာတွေက ဘာတွေဖြစ်တယ်ဆိုတာကို သိဖို့ လုံးဝ မကြိုးစားကြပါဘူး။ ဒီအခြေအနေထဲကနေ ရုန်းကန်ဖောက်ထွက်နိုင်တဲ့ ကျောင်းသားတွေကသာ နောင်တစ်ချိန်မှာ ဆရာတွေ ကြိုတင်ခန့်မှန်းထားနိုင်စွမ်းမရှိတဲ့ အရည်အသွေးတွေနဲ့ ကျွမ်းကျင်ရာနယ်ပယ်တစ်ခုမှာ ထူးချွန်သူတွေ ဖြစ်လာနိုင်ပါတယ်။

သင့်ဘဝမှာ ကျောင်းပညာထဲမှာ ပါဝင်သင်ကြားခွင့်မရခဲ့တဲ့၊ သင့်အတွက်ဘဝတိုးတက်မှုရစေတဲ့ အတတ်ပညာတွေက များစွာရှိနေတာကို သတိပြုပါ သင်ကကျောင်းပညာအရည်အချင်းလျော့နည်းတဲ့တိုင် သင့်ရဲ့ ဝါသနာပါ စိတ်ဝင်စားမှုရှိတဲ့ နယ်ပယ်ထဲကို ထဲထဲဝင်ဝင်လေ့လာပြီး ကျွမ်းကျင်အောင်အားထုတ်ကြိုးစားနိုင်ခဲ့ရင် နောင်တစ်ချိန်မှာ သိပ္ပံပညာရှင်၊ ဝန်ကြီးချုပ် ထူးချွန်အောင်မြင်တဲ့ နိုင်ငံရေးသမား၊ ပန်းချီ ပန်းပုအနုပညာရှင်၊ ဒီဇိုင်နာ ဂီတအကျော်အမော်အဖြစ် တစ်ခုခုဖြစ်လာနိုင်ပါတယ်။ သင့်ဘဝအတွက် တိုးတက်နိုင်ခြေရှိတဲ့ အခြေအနေတွေကို သင်က ရာခိုင်နှုန်းပြည့်ခန့် မှန်းနိုင်စွမ်းမရှိသော်လည်း သင့်ရဲ့လက်တွေ့လုပ်ဆောင်နိုင်တဲ့ အရည်အသွေးတွေ အပေါ် သင်ကိုယ်တိုင် ခံစားနားလည်နိုင်ရင်တော့ ရာခိုင်နှုန်းအတော်များများ အထိ ခန့်မှန်းနိုင်စွမ်းရှိလာပါလိမ့်မယ်။

ကျောင်းပညာသင်ကြားစဉ်ကာလတစ်လျှောက် ဆရာတွေက အတတ်ပညာတွေနဲ့ပတ်သက်ပြီး အကောင်းဆုံးတွေကို သိရှိနားလည်နိုင်ကြသော်လည်း သင့်ဘဝအတွက် အကောင်းဆုံးဖြစ်မယ့် အတတ်ပညာတွေကို တော့ လက်တွေ့ကျကျမပေးစွမ်းနိုင်တာ တွေ့ရပါလိမ့်မယ်။

သင့်အနေနဲ့ ဆရာတိုင်းရဲ့ ကျေးဇူးတရားတွေကို မမေ့အပ်သော်လည်း အချို့သော လောကဓာတ်ပညာရပ်တွေကို ဆရာတိုင်း မတတ်မြောက်နိုင်တဲ့သဘော... သင်သိကျွမ်းသော နယ်ပယ်ကို ဆရာတိုင်း မသိနားမလည်နိုင်တဲ့သဘောတွေကို ရဲတင်းစွာ လက်ခံထားရမှာဖြစ်ပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၉

ကျောင်းစာသင်ခန်းအတွင်း အစစအရာရာ အဆင်ပြေချောမွေ့ခြင်းဟာ ဘဝမှာ အဆင်ပြေချောမွေ့ခြင်းသဘောနဲ့ ထပ်တူမကျနိုင်ပါဘူး။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင်ကိုယ်တိုင်ပြောဆိုရမယ့် အရာတစ်ခုရှိပါစေ

သင့်အနေနဲ့ မိတ်ဆွေအပေါင်းအသင်းတွေကိုဖြစ်စေ၊ လုပ်ငန်းခွင်အတွင်းမှာဖြစ်စေ အထက်အရာရှိတွေနဲ့ဖြစ်စေ၊ မဖြစ်မနေပြောဆိုဆွေးနွေးရမယ့်ကိစ္စတွေ ရှိနေတတ်ပါလိမ့်မယ်။ သင့်အနေနဲ့ ပြောဆိုရမဲ့ ကိစ္စတွေရှိနေသမျှ မပြောမချင်းအကြွေးတစ်ခုလို တင်ရှိနေပြီး သင်ပြောဆိုရမယ့်လုပ်ငန်းကိစ္စတွေမှာလည်း ခရီးမရောက်ဘဲရှိနေပါလိမ့်မယ်။ သို့သော်လည်း အချို့သော မပြောမဖြစ်တဲ့အကြောင်းကိစ္စတွေအတွက် စကားပြောဆိုမှုတွေကို စည်းကမ်းကန့်သတ်လို့ မဖြစ်နိုင်သော်လည်း အချို့သောအရေးပါတဲ့ကိစ္စတွေကိုတော့ ဘာမှမပြောပဲ နားထောင်ခြင်းသက်သက်သာ လုပ်ပေးနိုင်နေတယ်။

လောကမှာ စကားနည်းနည်းသာပြောပြီး များများနားထောင်တဲ့သူတွေက ပိုပြီးအောင်မြင်ကျော်ကြားတာကို တွေ့ရှိရပါတယ်။

အချို့လူတွေဟာ သူတို့ရဲ့စဉ်းစားတွေးခေါ်မှုတွေ ယုံကြည်မှုတွေနဲ့

ဘဝအတွေ့အကြုံတွေအကြောင်း ပြောဆိုရတာကို နှစ်သက်တတ်ကြပါတယ်။ သင့်အနေနဲ့တွေ့ဆုံမေးမြန်းရမယ့်သူတွေနဲ့ပတ်သက်ပြီး ဘာတွေမေးမယ် ဘာတွေပြောရမယ်ဆိုတာတွေကို ကြိုတင်စာရင်းလုပ်ထားပြီး ထိရောက်တဲ့ပြောဆိုမှုတွေကို ပြင်ဆင်ထားပေးရမှာဖြစ်ပါတယ်။

သို့သော်လည်း အချို့သော အခြေအနေအကြောင်းတရားနဲ့ ပြဿနာတွေက ကျွန်ုပ်တို့ပြောဆိုသူနေရာမှာ ရှိနေရခြင်းထက် နားထောင်သူရဲ့နေရာမှာ ရှိနေခြင်းကပိုပြီး သင့်လျော်တယ်ဆိုတာကို သက်သေပြနေတတ်ပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၀

အကယ်၍ သင်က ပြောဆိုဖို့ အခက်အခဲတွေ့တယ်ဆိုရင် နားထောင်နိုင်ဖို့ ကြိုးစားပါ။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

အချို့လူတွေက အခက်အခဲတွေရှိတတ်ပါတယ်

အချို့သောလူတွေဟာ လူလူချင်းနှိမ့်ချပြောဆိုခြင်း၊ အထင်မြင်သေးစွာ ဆက်ဆံခြင်းတွေရှိတတ်တဲ့အပြင် တစ်ဖက်သားကိုကြောက်လန့်အောင် ခြောက်လှန့်ပြောဆိုတာတွေ မိမိအပေါ်တစ်ဖက်သားက လေးစားအထင်ကြီးအောင်ကြွားဝါပြောဆိုတာတွေ... သူတို့ဘယ်လောက်တော် စမတ်ကျပြီး ဘယ်လောက်ချမ်းသာကြွယ်ဝတယ်။ ဘယ်လောက်ပညာတတ်တယ်ဆိုတာတွေကို လူအများသိအောင် ပြောဆိုတာတွေ ရှိတတ်ကြပါတယ်။ အချို့လူတွေကတော့ အစဉ်အမြဲစိတ်အားညှိုးငယ်နေပြီး လူတကာရဲ့ အနှိမ်ခံ သနားစရာပုဂ္ဂိုလ်တွေအဖြစ် ရှိတတ်ကြပါတယ်။

သင့်အနေနဲ့ အဲဒီလိုပြဿနာအခက်အခဲရှိနေသူတွေရဲ့နေရာကနေဝင်ပြီး ခံစားတဲ့အခါ သူတို့ပြောတဲ့ထိခိုက်နာကျင် နစ်နာစရာတွေကို တွေ့ကြုံရတာမှန်သော်လည်း ပြဿနာအခက်အခဲတွေကို လက်ခံခြင်း၊ လက်မခံခြင်းဆိုတဲ့ ကွာခြားချက်တွေအရ သင့်ရဲ့အပေါ်မှာသာ အဓိကမူတည်ပြီး အကျိုးသက်ရောက်မှုကွဲပြားသွားမှာ ဖြစ်ပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၁

အကျိုးအကြောင်း တစ်စုံတစ်ရာလုံးဝမပါရှိဘဲ ဘယ်သူမှ အခက်အခဲတွေကို ရွေးချယ်မှာ မဟုတ်ဘူး။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင်ထိခိုက်နာကျင်စွာ ခံစားနေရချိန်၌ လုံးဝပြုံးပျော်နိုင်မည် မဟုတ်ပါ။

ထိခိုက်နာကျင်မှုတွေက သင့်ကို စိတ်တိုခြင်း၊ စိတ်ရှုပ်ထွေးခြင်းတွေ ဖြစ်လာစေပြီး သင့်ရဲ့စိတ်ပျော်ရွှင်ချမ်းမြေ့မှုတွေကို ကန့်သတ်လာနိုင်ပါတယ်။ ထိခိုက်နာကျင်မှုအမျိုးမျိုးထဲမှာပါဝင်တဲ့ ခေါင်းကိုက်ခြင်း၊ အအေးမိခြင်း၊ အဆစ်အမြစ်ရောင်ရမ်းနာကျင်ခြင်း၊ သွားကိုက်ခြင်း၊ လက်ကောက်ဝတ်ကျိုးခြင်းတွေလည်း ပါဝင်တတ်ပြီး အဲဒီထိခိုက်နာကျင်မှုအပေါ်ခံစားတဲ့ သူရဲ့စိတ်အခြေအနေအပေါ် မူတည်ပြီး အကျိုးသက်ရောက်မှုတွေက ကွဲပြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်ဟာ နာတာရှည်အရိုးအဆစ်ရောင်ဝေဒနာခံစားနေရတဲ့ အမျိုးသမီးမိတ်ဆွေတစ်ယောက်နဲ့တွေ့ဆုံပြီး စကားပြောဆိုဆွေးနွေးမှုတွေ လုပ်ခဲ့ဖူးပါတယ်။ ကျွန်တော်က အဲဒီအမျိုးသမီးကို အရိုးအဆစ်တွေရောင်တာက တစ်ချိန်လုံး ကိုက်ခဲနာကျင်နေသလား... လို့ မေးလိုက်တယ်။

ဒီအခါသူမက "တစ်ချိန်လုံးဆက်တိုက်နာနေတာတော့ မဟုတ်ပါဘူး ရှင် သာမန်ထက်စာရင်တော့ နာကျင်တဲ့ဝေဒနာဖြစ်တာပေါ့။ ဒီတော့ နာတယ်ဆိုရုံလေးပဲလို့ ပြောရမလားပဲ"... လို့ ပြန်ဖြေပါတယ်။

ဝေဒနာရှင်လူနာအများစုအနေနဲ့ နာကျင်မှုတွေကို တစ်ချိန်လုံးစဉ်းစား

နေတတ်တာကြောင့် အချိန်အခါမလပ် နာကျင်ရသလိုခံစားနေရပြီး ဒီအမျိုးသမီးကတော့ သူမကိုယ်သူမ တစ်ချိန်လုံး ထိခိုက်နာကျင်နေတယ်လို့ စဉ်းစားခြင်းမရှိတာကြောင့် အမှန်တကယ်နာကျင်မှုဝေဒနာရှိနေတဲ့တိုင် ဝေဒနာကို ပြင်းပြင်းထန်ထန်ခံစားရခြင်း မရှိတာဖြစ်ပါတယ်။

ဝေဒနာအမှန်တကယ်ခံစားနေရသော်လည်း အဲဒီနာကျင်တဲ့ဝေဒနာ အပေါ်မှာ ခံစားမှုသိပ်မထားခဲ့ရင် သိသာစွာ သက်သာသလို (သို့) ထိခိုက်နာကျင်မှုကို တစ်ခါတစ်ရံမှသာ သတိထားမိသလို လေ့ကျင့်ပြီးသားဖြစ်သွားနိုင်ပါတယ်။

သင် ကျွန်ုပ်တို့အားလုံးအနေနဲ့ ရောဂါဝေဒနာကြောင့်ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဝေဒနာတွေကြောင့်ဖြစ်စေ၊ နာကျင်မှုအမျိုးမျိုးကိုရရှိတတ်သလို အသက်အရွယ် အိုမင်းရင့်ရော်လာခြင်းကြောင့်လည်း သဘာဝတရားရဲ့အလိုအတိုင်း ခန္ဓာကိုယ်ပေါ်က နေရာအမျိုးမျိုးမှာ နာကျင်မှုတွေရှိလာမှာဖြစ်ပါတယ်။ ငယ်ရွယ်စဉ်ကာလတွေတစ်လျှောက်မှာတော့ သင့်ရဲ့အသက်အပိုင်းအခြားအရ... ငယ်ရွယ်နုပျိုမှုတွေအရ သင်သွားနာသွားကိုက်သည်ဖြစ်စေ၊ ခေါင်းကိုက်သည်ဖြစ်စေ၊ အရိုးအဆစ်များလွဲခြင်း၊ ကျိုးခြင်းတွေနဲ့ ကြိုတွေ့ရသည်ဖြစ်စေ၊ ဘယ်လိုနာကျင်မှုမျိုးကိုမဆို ခံနိုင်ရည်ရှိတာကြောင့် နာကျင်မှုတွေက သိသာပေါ်လွင်မှု မရှိတတ်ပါဘူး။ တစ်ခါတစ်ရံ နှင်းခူလိုယားနာရောဂါတွေ၊ ဒူးခေါင်းနာတာတွေဖြစ်တာတောင် ငယ်ရွယ်တဲ့ အရှိန်ကြောင့် သိသာတဲ့ဝေဒနာက မပေါ်လွင်တတ်ပါဘူး။ သို့သော်လည်း ထိခိုက်ခံစားရတဲ့ဝေဒနာက သိသာပြင်းထန်လွန်းတဲ့အခါမှာတော့ လုံးဝပြုံးပျော်နိုင်စွမ်းမရှိတဲ့အခြေအနေကို ရောက်ရှိသွားပါလိမ့်မယ်။

သင်က ထိခိုက်နာကျင်မှုတွေကို ခံစားနေရတဲ့အချိန်မှာ သင်ရရှိတဲ့ဝေဒနာအတိမ်အနက် အလိုက်သင့်အတွက် ပြုံးပျော်ရွှင်လန်းနိုင်မယ့်အခြေအနေတွေ အားလုံးလက်လွတ်ဆုံးရှုံးရနိုင်ပါတယ်။

သင်က ခံစားနေရတဲ့ ဝေဒနာကို သက်သာလျော့ပါးစေချင်တယ်ဆိုရင်တော့ နာကျင်မှုဝေဒနာတွေရဲ့အကြောင်းကို တစ်ချိန်လုံးစဉ်းစားခြင်းမလုပ်ရပါဘူး။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၂

ထိခိုက်နာကျင်တဲ့ဝေဒနာခံစားမှုတွေက သင့်ကို စိတ်ဆင်းရဲစရာတွေ ချည်းဖြစ်အောင် လုပ်ကြမည်မဟုတ်ပါ။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ အလုပ်ကောင်းရင် တိုးတက်မှုရှိမယ်

ကျွန်တော်အရွယ်ရောက်လာချိန်မှာ မိမိကိုယ်မိမိနှိမ့်ချစွာ ဆက်ဆံတတ်တဲ့ အပြုအမူများဟာ မကောင်းသော အပြုအမူတွေနဲ့ ပြောဆိုဆက်ဆံတတ်ခြင်းထက် လူအများဆီက ပိုပြီး အထင်ကြီးလေးစားမှုတွေ ရရှိတတ်တဲ့ သဘောကို နားလည်ခဲ့ပါတယ်။

တကယ်တော့ လူတစ်ယောက်ဟာ ရိုးရိုးကုပ်ကုပ်နေပြီး အလုပ်တွေ ကြိုးစားပြမယ်။ ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံတတ်မယ်။ ကိုယ့်ကိုယ် ကိုယ်နှိမ့်ချပြောဆိုတတ်မယ်ဆိုရင် အဲဒီလူအပေါ် လူအများစုက လေးစား အထင်ကြီးတဲ့ အမြင်နဲ့ အဲဒီလူရဲ့ကျွမ်းကျင်မှု၊ အထုံပါရမီ၊ အရည်အချင်း ခွန်အားတိုးတက်မှု၊ အောင်မြင်မှုတွေကိုပါ မြင့်မြင့်မားမားအမှတ်ပေးတဲ့အထိ အကဲဖြတ်ပေးမှာ ဖြစ်ပါတယ်။ အကယ်၍ သင့်ဘက်က အစစ်အမှန်မဟုတ်တဲ့ ရိုးကုပ်ပြီး မိမိကိုယ်ကိုယ်နှိမ့်ချတဲ့ အပြုအမူဖြစ်နေရင်တောင် လူအများစု

အနေနဲ့ လေးစားအထင်ကြီးမှုတွေ လုံးဝလျော့ကျသွားမှာ မဟုတ်ပါဘူး။ သင့်ဘက်ကကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ အလုပ်ကောင်းရင် တိုးတက်မှုရှိမယ်လို့ ယုံကြည်ချက်နဲ့ ဘယ်လောက်ပဲလုပ်လုပ် သင့်ရဲ့ ကောင်းမွန်တဲ့အရည်အချင်းတွေကို လူအများလက်ခံနိုင်တဲ့အထိ မပြသနိုင်ခဲ့ရင် (သို့) သင့်သူဌေးစိတ်ကျေနပ်မှုရှိအောင်အထိ မပြသနိုင်ခဲ့ရင်တော့ သင်မျှော်မှန်းထားတဲ့အကျိုးရလဒ်ကို မရောက်ရှိနိုင်ပါဘူး။

အချို့လူတွေက သူတို့ရဲ့ဘဝတိုးတက်မှုတွေအတွက် သူတို့ရဲ့သူဌေး အပါအဝင် လူအများရဲ့အာရုံစိုက်၊ အထင်ကြီးမှုခံရစေအောင် သူတို့ ဘယ်လောက်သိ၊ တတ်၊ နားလည်ကျွမ်းကျင်မှုရှိတယ်ဆိုတာတွေကို ထုတ်ဖော်၊ ပြောဆို၊ ကြွားဝါတတ်ကြပါတယ်။

လက်တွေ့အားဖြင့် သူတို့ရဲ့ကြွားဝါပြောဆိုမှုတွေက တစ်ခါတစ်ရံ ဘဝတိုးတက်မှုအတွက် ခရီးရောက်တတ်တာ တွေ့ရပါတယ်။ ရိုးကုပ်စွာ နေထိုင်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် မာန်မာနချိုးနှိမ်စွာနေခြင်း မှန်ကန်စွာ ပြောဆိုလုပ်ကိုင်ခြင်းတွေဟာ အဲဒီလူအတွက် ကောင်းတဲ့လက္ခဏာလို့ဆိုနိုင်သော်လည်း အခြေအနေအချိန်အခါကာလဒေသအလိုက် လိုက်လျောညီထွေစွာ နေထိုင်ပြောဆိုတတ်ခြင်းရဲ့ အရေးပါတဲ့သဘောကိုပါ နားလည်လက်ခံနိုင်ဖို့ လိုပါတယ်။

သင်က အလုပ်ခွင်အတွင်း ဘယ်လောက်ပဲ စီမံခန့်ခွဲမှုတွေ ကောင်းကောင်း၊ သင့်ရဲ့အရည်အသွေးနဲ့ စွမ်းဆောင်ရည်တွေကို သင့်အထက်အရာရှိ အဆင့်ဆင့်ဖြစ်တဲ့ ကြီးကြပ်ရေးမှူး၊ မန်နေဂျာ၊ သူဌေးတွေသိရှိနားလည်လက်ခံအောင် ထုတ်ဖော်ပြသနိုင်စွမ်းမရှိခဲ့ရင် (သို့) သင်က လုပ်ငန်းကျွမ်းကျင်သော်လည်း အထက်အရာရှိတွေအပေါ် ဂုဏ်မောက်ပြီး မချေမငံ ဆက်ဆံခဲ့ရင် (သို့) သင်မရှိလျှင်မရှိသည့်ပုံစံမျိုးပြသခဲ့ရင်တော့ သင့်ရာထူးတိုးမြှင့်နိုင်မယ့် အခွင့်အရေးတွေကို လက်လွှတ်ဆုံးရှုံးရရုံမက သင့်အလုပ်ကိုပါ လက်လွှတ်ဆုံးရှုံးရတဲ့အထိ ဆိုးကျိုးတွေ ရင်ဆိုင်ရနိုင်ပါတယ်။

သင့်အနေနဲ့အလုပ်ခွင်အတွင်း လက်ထောက်ဝန်ထမ်းတွေဆီကဖြစ်စေ၊ အထက်အရာရှိတွေဆီကဖြစ်စေ (အရောင်းတာဝန်ခံဖြစ်ပါက) ဖောက်သည်တွေဆီကဖြစ်စေ၊ ကောင်းသောတုံ့ပြန်မှုတွေ ဘယ်လောက်ထိ

ရရှိတယ်ဆိုတာကို မကြာခဏ သတိမူပေးပါ။ သင့်ဘက်က ကောင်းသော အပြုအမူအကျင့်စရိုက်တို့အား ပြောင်းလဲပေးစရာမလိုဘဲ ရှိရင်းစွဲအတိုင်း ထားရှိနိုင်ပြီး လိုအပ်တဲ့ ပြုမူဆောင်ရွက်မှုများကို အပိုဆောင်းဖြည့်စွက်ပေးပါ။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၃

သင်က ဘယ်လောက်ပဲ အရည်အချင်းရှိသူဖြစ်သော်လည်း သင့်ဘက်က အထင်အရှားထုတ်ဖော်ပြသနိုင်စွမ်းမရှိခဲ့ရင် အလုပ်ခွင်အတွင်း ဘယ်သူကမှ သင့်အရည်အချင်းကို မသိမမြင်နိုင်ပဲ ရှိနေပါလိမ့်မယ်။

ချီးဟောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင်လိုချင်တာကို ရအောင်လုပ်ပေးနိုင်မယ့်ကိစ္စကိုသာ သေချာလုပ်ပါ

လူအများစုက သင့်အပေါ် စိတ်ပိုင်းဆိုင်ရာအရ ခြိမ်းခြောက်အကျပ်ကိုင်တဲ့နည်းလမ်းတွေက သုံးလာခဲ့ရင် သင်ဘယ်လိုခံစားရမလဲ။

ဥပမာအနေနဲ့ လူအချို့က သူတို့အတွက်သင်က ကိုယ်စားလိမ်ညာပေးဖို့ (သို့) သူတို့ရဲ့ဒုက္ခကြုံတွေ့နေရခြင်းအတွက် အခြားရွေးချယ်စရာမရှိတော့ဘဲ သင့်ကိုယဇ်ကောင်အဖြစ် အသုံးချနိုင်ဖို့ (သို့) သူတို့လိုအပ်နေတဲ့ငွေကို သင်ကထုတ်မချေးခဲ့ရင် သင့်ရဲ့လျှို့ဝှက်ချက်တွေ၊ ရှက်စရာအဖြစ်အပျက်တွေကို ဖွင့်ချဖို့... ဆိုတဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေကို ဆိုလိုပါတယ်။

စိတ်ဒုက္ခရောက်အောင် ခြိမ်းခြောက်အကျပ်ကိုင်တဲ့ လူအများစုဟာ ကျွန်ုပ်တို့ရဲ့စိတ်ခံစားချက်တွေနဲ့ ပတ်သက်ပြီး ဘယ်တော့မှ အလေးအနက်ထားစဉ်းစားခြင်းတွေ မရှိတတ်ဘဲ သူတို့ဖြစ်ချင်လိုချင်တဲ့အရာတွေ ရရှိရေးအတွက်သာ အဓိက ထားတတ်ကြပါတယ်။

အချို့လူတွေက စိတ်ပိုင်းဆိုင်ရာ အကျပ်ကိုင်ခြိမ်းခြောက်မှုတွေ ခံရ စဉ်အစ ပထမပိုင်းမှာ ကြောက်ရွံ့တဲ့စိတ်လွှမ်းမိုးနေတာကြောင့် တောင်းဆို မှုမှန်သမျှကို အလွယ်တကူ လိုက်လျောမိတတ်ပါလိမ့်မယ်။ သို့သော်လည်း အကြောင်းကိစ္စတစ်ခုခုကြောင့် စိတ်အလိုမကျပဲ ဒေါသထွက်နေတဲ့အချိန် စိတ်ထွက်ပေါက်ရှာချင်နေတဲ့အချိန်တွေမှာ မမျှော်လင့်ပဲ ခြိမ်းခြောက်အကျပ် ကိုင်ခံရတယ်ဆိုရင် ခြိမ်းခြောက်အကျပ်ကိုင်သူထက် ပိုမိုကြောက်မက်ဖွယ် ကောင်းတဲ့ တုံ့ပြန်မှုတွေနဲ့ ပြန်လည်တိုက်ခိုက်တတ်ပါတယ်။

ဘဝတိုးတက်မှုအစီစဉ်တွေအပေါ် အယုံအကြည်ကင်းမဲ့သွားသူ မျှော်လင့်ချက်များ သေသွားပြီးသူတွေ.ကို မှားယွင်းပြီး ခြိမ်းခြောက်အကျပ်ကိုင်မိရင် ခြိမ်းခြောက်သူတွေဘက်ကပဲ အကျိုးစီးပွားနဲ့ အသက်ခန္ဓာကအစ အန္တရာယ်ကြီးစွာ ပျက်စီးရမှာဖြစ်ပါတယ်။

လောကမှာ ကျွန်ုပ်တို့ အရာရာတိုင်းကို ရယူပိုင်ဆိုင်နိုင်ခွင့်မရှိကြ သော်လည်း ကျွန်ုပ်တို့နဲ့ ထိုက်တန်၊ လက်လှမ်းမီပြီး ကျွန်ုပ်တို့လိုချင်တဲ့ အရာတစ်ခုခုကိုတော့ လူတိုင်းရယူနိုင်အောင် ကြိုးစားခွင့်ရှိပြီး ဖြစ်ပါတယ်။ ထို့အတူ ကျွန်ုပ်တို့ လုပ်နိုင်စွမ်းတွေထက် ကျော်လွန်ပြီး အရာရာကို မလုပ် နိုင်ကြတာကြောင့် သူတစ်ပါးတွေကိုလည်း စိတ်ပိုင်းဆိုင်ရာအရ အကျပ်ကိုင် ခြိမ်းခြောက်တဲ့ပုံစံနဲ့မခိုင်းမိအောင် သတိပြုရမှာဖြစ်ပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၄

လူအများအား စိတ်ပိုင်းဆိုင်ရာအရ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတွေ လုံးဝမလုပ်ရပါ။

ချီးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

အရာအားလုံးအတွက် နေရာတစ်ခုနှင့် အဲဒီနေရာထဲမှာ အရာရာတိုင်းကို ရှိနေပါစေ

ကျွန်တော်ဟာ နံနက်စောစောအိပ်ရာထပြီး အိမ်ကိုသန့်ရှင်းရေးလုပ်မယ်။ မီးဖိုချောင်အတွင်း ဘယ်စားသောက်စရာတွေဝယ်ဖို့လိုမယ်ဆိုတဲ့ တာဝန်တွေကို ငယ်စဉ်ကလေးဘဝကတည်းက အတွေ့အကြုံရှိစွာ ဆောင်ရွက်ခဲ့သူ ဖြစ်ပါတယ်။

ကျွန်တော်က နောက်ထပ်စဉ်းစားသင့်တဲ့အရာတွေကို ထပ်ပြီးစဉ်းစားဖြစ်ခဲ့ပါသေးတယ်။ လူတစ်ဦးချင်းစီအနေနဲ့ ကိုယ့်တာဝန်အသီးသီးကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခြင်းဟာ မိမိနေထိုင်ရာ အိမ်၊ ရုံး၊ အဖွဲ့အစည်း၊ အုပ်စုတစ်ခုလုံးမှာရှိတဲ့ သူအားလုံးကို ကောင်းခြင်းအမျိုးမျိုး နှင့် တည်ရှိစေတဲ့ သဘောအတိုင်း ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာလောကကြီးကိုလည်း လောကီလူသားအားလုံးရဲ့အားကိုးမှီခိုရာနေရာကောင်းတစ်ခုအဖြစ် တည်ရှိနေစေဖို့ ကြိုးစားပေးရမယ့်တာဝန်ရှိပါတယ်။

ဒီအခါ ကမ္ဘာလောကကို လောကီသားတွေက ကောင်းကျိုးပြုတဲ့ သဘောအတိုင်း ကမ္ဘာလောကကြီးကလည်း၊ လောကီလူသားတွေအားလုံး

ကို ပြန်လည်အကျိုးပြုပါလိမ့်မယ်။ သင့်က သဘာဝကျတဲ့၊ တရားနည်းလမ်းကျတဲ့ သဘောတရားတွေ့နဲ့ စဉ်းစားတွေးခေါ်နိုင်စွမ်းတွေ ရင့်ကျက်နေတယ်ဆိုရင် သင့်ကိုအခြား လူတစ်ဦးတစ်ယောက်က အခြားသော တွေးခေါ်ယူဆမှုတွေ ဝင်ရောက်အောင် ဦးနှောက်ကျင်းကျင်းပေးဖို့ ကမ်းလှမ်းလာတိုင်း သင်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာဖြင့် ငြင်းပယ်ပေးပါ။ အစဉ်အမြဲမှန်ကန်ပြီး တန်ဖိုးရှိလှတဲ့ သင့်ကိုယ်ပိုင်ယုံကြည်မှုတွေကို လုံးဝစွန့်လွှတ်ခြင်းမပြုဘဲ လောကလူသားအားလုံးအတွက် ကောင်းကျိုးပြုနိုင်အောင် ကြိုးစားရပါမယ်။

လူသားအားလုံးရဲ့တစ်ခုတည်းသော တည်မှီရာကမ္ဘာလောကဆိုတဲ့ နေရာတစ်ခုကို ကောင်းကျိုးပြုတယ်ဆိုရာမှာ အပြောနဲ့အလုပ်က တစ်ထပ်တည်းကျနေဖို့ လိုအပ်ပါတယ်။ အချို့လူတွေဟာ လောကကောင်းကျိုးပြုဖို့အတွက် ခန္ဓာကိုယ်ကိုတောင် ပေးဆပ်ရဲတဲ့ စိတ်ရှိကြပြီး အချို့ကတော့ မီးစာတစ်ဖက်ရေမှုတ်တစ်ဖက်ဆိုသော စကားအတိုင်း လောကကောင်းကျိုးအတွက် တစ်ခုလုပ်ပေးပြီး သူ့အတွက် တစ်ခုပြန်ယူတတ်ကြတာ တွေ့ရှိပါတယ်။

မူလစိတ်ရင်းအမှန်အတိုင်း ကောင်းကျိုးပြုတဲ့သူတွေကတော့ လုပ်ရပ်တွေ အစဉ်အမြဲမှန်ကန်သလို စိတ်ထားတွေလည်း ဖြူစင်နေကြမှာ ဖြစ်ပါတယ်။ စိတ်ထားဖြူစင်မှုမရှိဘဲ ကိုယ်ကျိုးရှာတတ်တဲ့သူတွေကတော့ လောကကို ကောင်းကျိုးပြုတဲ့နေရာမှာ မကြာခဏ လိမ်ညာလှည့်စားမှုတွေ ပါနေဦးမှာဖြစ်ပါတယ်။ ဒါကြောင့်လောကမှာ အကျင့်စာရိတ္တ၊ ကိုယ်ကျင့်တရားတွေ ကောင်းမွန်ပြီး မြင့်မြတ်တဲ့စိတ်နေစိတ်ထားတွေကို ဖြူစင်စွာထားရှိနိုင်ခဲ့ရင် အကောင်းဆုံးဖြစ်နိုင်သော်လည်း လူတိုင်းကိုယ်စီမှာ မှန်ကန်တဲ့စိတ်နေစိတ်ထားတွေရှိထားမှသာ ဖြစ်နိုင်ပါလိမ့်မယ်။

သင်က ဘဝတိုးတက်မှုတွေအတွက် ကြိုးစားဆောင်ရွက်ရာမှာ မိမိဘဝတစ်ခုတည်းအတွက်သာမက အများဘဝအတွက်ပါ စဉ်းစားပေးပါ။ သို့သော်လည်း တစ်နေရာတစ်ဌာနတည်းမှာနေတဲ့သူတွေ တစ်ဦးစီအလိုက် ကောင်းတဲ့ စိတ်ထားတွေ ပိုင်ဆိုင်ထားဖို့ လိုပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၅

လူတိုင်းအား အကျင့်စာရိတ္တပိုင်းအရ ဖြူစင်သန့်ရှင်းစေချင်ဖို့ မဖြစ်နိုင်ပါ။

ချီးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

အခြားလူတွေရဲ့စဉ်းစားတွေးထင်ခြင်းတွေက အရေးပါတဲ့ပြဿနာတစ်ခုကို ဖြစ်စေသည်။

သင်က အခြားလူတွေရဲ့စဉ်းစားတွေးထင်မှုတွေ၊ ဝေဖန်ယူဆမှုတွေ အပေါ် အလေးထားတဲ့အခါ ကောင်းသောကိစ္စတွေထက် မကောင်းတဲ့ ပြဿနာတွေကို ကိုယ်တိုင်ဖန်တီးမိတတ်ပါလိမ့်မယ်။

သင့်ဘဝခရီးတစ်လျှောက် သင့်ဘက်က အမှားမတွေ့စေဖို့ သင့်အတွက် လမ်းညွှန်ကူညီပေးမယ့် သံလိုက်အိမ်မြောင်တစ်ခု လိုအပ်ပါတယ်။

အဲဒီသံလိုက်အိမ်မြောင်ဟာ သင့်ရဲ့မှန်ကန်တဲ့ စဉ်းစားတွေးခေါ်ယူဆချက်တွေ ယုံကြည်ချက်တွေ မမှားရအောင် သင့်ကို ကောင်းစွာ အကူအညီပေးပါလိမ့်မယ်။ ကျွန်တော့်မှာ အနီးကပ်ဆုံးပေါင်းသင်းတဲ့ အမျိုးသမီးမိတ်ဆွေတစ်ယောက်ရှိပြီး အဲဒီအမျိုးသမီးက သူမကိုယ်သူမ စိတ်အလိုမကျနေတဲ့သူ ဖြစ်ပါတယ်။

အကြောင်းကတော့ သူမအလုပ်ခွင်ထဲမှာ ဘယ်လောက်ပဲ ကြိုးစား

လုပ်ကိုင်ပေမဲ့ သူမအကောင်းဆုံးလုပ်သင့်တယ်ဆိုတဲ့ စိတ်က သူမကို စိတ်အလိုမကျမှုဖြစ်အောင် အစဉ်အမြဲလွှမ်းမိုးထားလျက် ရှိပါတယ်။

သူမဟာ မိခင်ကောင်းတစ်ယောက်လည်း ဖြစ်ပြီး အိမ်မိသားစုဝင်တွေအပေါ်မှာလည်း အကောင်းဆုံးတာဝန်ကျေအောင်လုပ်နိုင်သူတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမကိုယ်သူမ စိတ်တိုင်းမကျသေးပါဘူး။

သူမရဲ့နောက်ထပ် အားနည်းချက်တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ သူတစ်ပါးတွေရဲ့ ဝေဖန်ပြောဆိုပြစ်တင်မှုတွေ၊ ထင်မြင်ချက်ပေးမှုတွေအပေါ် သူမက အလေးအနက်ထားတတ်ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလို သူများတကာရဲ့တွေးထင်မှုတွေအပေါ် အလေးအနက်ထားခံစားဟတ်ခြင်းကလည်း သူမရဲ့ စိတ်အလိုမကျမှုတွေကို ဆထက်ထမ်းပိုးတိုးမြင့်တက်စေခဲ့ပါတယ်။

ကျွန်တော်ရဲ့ဝမ်းကွဲအစ်ကိုတစ်ယောက်ဟာ သူငယ်စဉ်ကတည်းက သူ့ဖခင်ဆုံးပါးခဲ့ပြီး သူ့ဖခင်ရှိနေစဉ်ကာလတစ်လျှောက် ဖခင်ရဲ့ဂရုစိုက်အလေးပေးမှုကို ခံခဲ့ရသူဖြစ်ပါတယ်။ ဖခင်မရှိတော့တဲ့ နောက်ပိုင်း အဲဒီအခွင့်အရေးတွေ အားလုံးဆုံးရှုံးသွားရပြီး သူ့ဘဝအတွက် မျှော်လင့်ချက်မဲ့သလို ခံစားခဲ့ရပါတယ်။

ဖခင်ကို ဆုံးရှုံးသွားရတာကလွဲပြီး ကျန်တာတွေပြီးပြည့်စုံသော်လည်း သူက စိတ်ကျေနပ်မှုမရှိခဲ့ပါဘူး။ ပြန်မရနိုင်တော့တဲ့ ဖခင်ကို အောက်မေ့နေတာတွေ မဖြစ်နိုင်တော့တဲ့ အခွင့်အရေးတွေကို မျှော်လင့်တောင့်တနေတာတွေကြောင့် သူ့အတွက် အမှန်တကယ်တိုးတက်မှုရှိစေမယ့်လမ်းတွေကိုလည်း ယုံကြည်မှုရှိစွာနဲ့ မလျှောက်လှမ်းနိုင်တော့ပါဘူး။ ဘယ်သူမဆို ကိုယ့်ကိုယ် ကိုယ်ယုံကြည်မှုကင်းလွတ်သွားပြီဆိုရင် အခြားကောင်းမွန်တဲ့ ဘယ်အခွင့်အရေးတွေကိုမှ ထပ်မံမရနိုင်တော့ပါဘူး။

လောကမှာ ကြိုးတွေ့ရမယ့်ပြဿနာအခက်အခဲတွေနဲ့ စိတ်ဖျော်ရွှင်စရာတွေ အားလုံးဟာ ကျွန်ုပ်တို့တစ်ဦးချင်းစီနဲ့ တိုက်ရိုက်သက်ဆိုင်ပြီး ရှောင်လွှဲစရာမလိုဘဲ ရင်ဆိုင်ကျော်လွှားရမှာ ဖြစ်ပါတယ်။

ပြဿနာအခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားသူတွေအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမထားဘဲ အခြားလူတစ်ဦးတစ်ယောက်နဲ့ တိုင်ပင်ပြီး စီမံခန့်ခွဲခဲ့ရင် အမှားတစ်ခုထပ်မံကြိုးတွေ့ရတဲ့အခါ အလွယ်တကူစိတ်ဓာတ်

ကျဆင်းသွားနိုင်ပါတယ်။ ဒါကြောင့် ကိုယ့်ကြမ္မာအကောင်းအဆိုးကို ကိုယ်တိုင်ဖန်တီးနိုင်အောင် ကြိုးစားပေးဖို့ လိုပါတယ်။

လောကမှာ အခြားလူတွေရဲ့စဉ်းစားတွေးထင်ခြင်း၊ ထင်မြင်ယူဆခြင်းတွေက သင့်ဘဝတိုးတက်မှုအတွက် အရေးပါတယ်လို့ ယုံကြည်ထားတယ်ဆိုရင် အဲဒီယုံကြည်မှုက တာရှည်ခိုင်မြဲနိုင်မလားဆိုတာကို ကိုယ်တိုင်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၆

အခြားလူတွေရဲ့သဘောကျထောက်ခံမှုနဲ့ မရှင်သန်ပါနဲ့။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင်ရသလောက် ပြန်လည်ပေးကမ်းပါ

ကျွန်တော့်အတွေ့အကြုံအရ အိမ်နီးချင်းအမျိုးသမီးကြီးနှစ်ယောက်ရဲ့ အကြောင်းကို တင်ပြပေးလိုပါတယ်။

အဲဒီအမျိုးသမီးကြီးနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက်အရမ်း ကိုခင်တဲ့သူငယ်ချင်းတွေ ဖြစ်ခဲ့ကြပြီး တစ်ယောက်ကတော့ အယ်လ်စီ၊ နောက်တစ်ယောက်ကတော့ ဖီလစ်ဆိုတဲ့ နာမည်ပိုင်ရှင်တွေပေါ့။

တစ်နေ့မှာ "အယ်လ်စီ" က ဖီလစ်နဲ့နေ့လယ်စာ အတူစားဖို့ စီစဉ်တယ်။ ဖီလစ်ရောက်မလာခင် နာရီဝက်လောက်အလိုမှာ ဖီလစ်က ဖုန်းဆက်ပြီး အခုလိုပြောသတဲ့ "အယ်လ်စီ၊ ငါနေ့လယ်စာစားဖို့ရောက်မလာနိုင်တော့ဘူး၊ နောက်တစ်ခေါက်မှာပဲ အေးအေးဆေးဆေးစားကြရအောင်ဟာ... ဒါက အရေးကြီးတာမှ မဟုတ်တာ" ကျွန်တော်က အယ်လ်စီနဲ့ ဖီလစ်တို့ဟာတ်လမ်းဖြစ်ပြီးနောက်ပိုင်း ၁၅ နှစ်လောက်ကြာပြီးမှ အဲဒီဝန်းကျင်ကို ရောက်ရှိနေထိုင်ဖြစ်ခဲ့ပါတယ်။

ဟိုးတစ်ချိန်က ဖီလစ်ရဲ့လုပ်ရဲ့အပေါ် အယ်လ်စီက တော်တော်လေး

စိတ်မကောင်းဖြစ်ခဲ့တဲ့အကြောင်း ထိုအချိန်ကစပြီး သူမနဲ့ဖီလစ်တို့စကား မပြောဖြစ်တော့တဲ့အကြောင်း ကျွန်တော် သိခဲ့ရပါတယ်။

တကယ်တော့ အယ်လ်စီဆိုတဲ့ အမျိုးသမီးကြီးဟာ စိတ်နေစိတ်ထားကောင်းပြီး အပေးအကမ်းရက်ရောတဲ့သူဖြစ်ပါတယ်။ သူမက ဘယ်လိုပဲ အတွေ့အကြုံဆိုးတွေနဲ့ ရင်ဆိုင်ရပေမဲ့ သူမရဲ့ပေးကမ်းတတ်တဲ့ အလေ့အကျင့်၊ ကူညီစောင့်ရှောက်ကျွေးမွေးတတ်တဲ့အကျင့်တွေကိုတော့ ဘယ်တော့မှ ဖျောက်ဖျက်ခြင်းမရှိခဲ့ပါဘူး။ သူမက ရက်ရောခြင်းသဘော သနားကြင်နာတတ်ခြင်းသဘော၊ မေတ္တာထားနိုင်စွမ်းရှိတဲ့သဘောတွေကို စစ်မှန်တဲ့ စိတ်ကောင်းစေတနာတွေနဲ့ အမှန်တကယ်ထုတ်ဖော်ပြသနိုင်သူတစ်ယောက်ဖြစ်ပါတယ်။

အယ်လ်စီဟာ သူမ မေတ္တာထားနိုင်သလောက် မေတ္တာပြန်ရမယ့်သဘော၊ သူမပေးကမ်းစွန့်ကြဲနိုင်သလောက် ပြန်လည်ရရှိတဲ့သဘောတွေကို သေချာစွာ နားလည်ပြီး သူမရခဲ့သလောက်အတိုင်း ဘယ်သူ့ကိုမဆို ပြန်လည်ပေးကမ်းဖို့ အရန်သင့်ရှိနေတတ်ပါတယ်။

သို့သော်လည်း ဘဝတိုးတက်မှုအတွက် ကြိုးစားနေစဉ်ကာလတစ်လျှောက် မိမိရထားသလောက် ပြန်လည်ပေးကမ်းခြင်းထက် သင်ပေးနိုင်သလောက် ပြန်လည်ရနိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၇

သင်ပေးတာကို သင်ပြန်ရမှာဖြစ်ပါတယ်။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင့်ကိုယ်ပိုင်စတိုင်အတိုင်း စွဲမြဲစွာ နေထိုင်ပါ

ကျွန်တော် အသက် ၂၀–ကျော်အရွယ်တုန်းက ဘဝမျိုးစုံ၊ လူတန်းစားမျိုးစုံပါဝင်လုပ်ကိုင်တဲ့စီးပွားရေးလုပ်ငန်းတစ်ခုမှာ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပါတယ်။

အလုပ်ခွင်အတွင်း အသက်အပိုင်းအခြားမျိုးစုံ၊ ပညာအရည်အချင်း အနိမ့်အမြင့်မျိုးစုံနဲ့ စရိုက်လက္ခဏာ၊ ပြုမူပြောဆိုဆက်ဆံပုံတွေကလည်း အမျိုးမျိုးကွဲပြားနေတာကို တွေ့ရှိရပါတယ်။

အများအားဖြင့် သက်တူရွယ်တူချင်းတွေ အလိုက်အုပ်ဖွဲ့ပြီး လုပ်ကိုင်ရတာဟာ အရမ်းပျော်စရာကောင်းတယ်လို့ ကျွန်တော်မြင်ခဲ့ပါတယ်။

လူသားသဘာဝအရ အသွင်တူသူချင်းအပေါင်းအပါဖြစ်တတ်တဲ့ သဘောရှိသော်လည်း အသွင်မတူသူချင်းပေါင်းဖော်မိရာကနေ အပြုအမူ ဓလေ့စရိုက်တွေ အပြန်အလှန်ကူးစက်သွားတတ်တာလည်း ရှိပါတယ်။

သင့်ဆီမှာ မူလကတည်းက ကောင်းတဲ့ဓလေ့စရိုက်တွေရှိပြီးသားဆိုရင် အဲဒီကောင်းတဲ့ဓလေ့စရိုက်တွေကို ဘယ်အကြောင်းနဲ့မှ ထိခိုက်စေ

ခြင်းမရှိအောင် ကာကွယ်ရပါလိမ့်မယ်။ သင်က အတွေ့အကြုံသစ်တွေနဲ့ အတူ ဘဝတိုးတက်အောင်ကြံဆောင်လိုတယ်ဆိုရင် စိန်ခေါ်မှုအသစ်တွေနဲ့ ရင်ဆိုင်ရဲတဲ့သူတွေကို သင်က အပေါင်းအသင်းမိတ်ဆွေအဖြစ် အသိအမှတ်ပြုပေးပါ။ သင့်မှာမရှိသေးတဲ့ အရည်အချင်းတွေ အသိပညာ၊ အတတ်ပညာတွေကို အခြားလူတွေဆီကနေ ရအောင်သင်ယူပေးပါ။

သင်က သင့်ပတ်ဝန်းကျင်မှာရှိတဲ့လူတွေအပေါ် နားလည်အောင်ကြိုးစားခြင်းဟာ သင့်အတွက် အသစ်ထပ်မံရရှိမယ့်အသိပညာ အတတ်ပညာတွေအတွက်သာ အဓိကရည်မှန်းပြီး သင့်မှာရှိရင်းစွဲအသိပညာအတတ်ပညာနဲ့ဓလေ့စရိုက်တွေကို ပျောက်ပျက်စေဖို့ မရည်ညွှန်းပါဘူး။

သင့်အနေနဲ့ ကောင်းတဲ့စရိုက်လက္ခဏာတွေကို ပိုင်ဆိုင်ထားသူပီပီ အခြားလူတွေကို သင့်စရိုက်လက္ခဏာတွေ ကူးစက်စေချင်သော်လည်း အခြားလူတွေကိုယ်တိုင်က လိုလားနှစ်သက်မှသာ ဖြစ်နိုင်ပါလိမ့်မယ်။

အလားတူသင်က တစ်ဖက်လူရဲ့ကောင်းတဲ့ အရည်အသွေးတွေကို ရရှိအောင် ကြိုးစားနိုင်သော်လည်း သင့်ရဲ့ရှိရင်းစွဲလက္ခဏာကောင်းတွေကို ဖျောက်ဖျက်ပြီး တစ်ဖက်လူနဲ့တူအောင် တုပနိုင်ခွင့်မရှိပါဘူး။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၈

သင့်မိတ်ဆွေတွေအားလုံးက သင်နဲ့အရာအားလုံးတူနေအောင်လိုက်လုပ်ဖို့ မလိုပါ။

ချိန်ဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

ဘဝမှာ အကောင်းဆုံးသောအရာတွေကတော့ လွတ်လပ်ခြင်းပဲဖြစ်ပါတယ်

ဘဝမှာ ကောင်းသောအရာတွေကို ကြုံတွေ့ရခြင်းထက်ဆိုးသောအရာတွေကို ကြုံတွေ့ရတာက ပိုမိုများတတ်တာကြောင့် ကောင်းတဲ့အရာတွေကို ကြုံတွေ့ခံစားရချိန်တွေက တိုတောင်းလွန်းလှတယ်လို့ ထင်မှတ်ရပါတယ်။

ဘဝအတွေ့အကြုံအဖြစ်အပျက်တိုင်းဟာ သင်ကအသိအမှတ်ပြုသည်ဖြစ်စေ၊ အသိအမှတ်မပြုသည်ဖြစ်စေ၊ သူ့သဘောနှင့်သူ အကြောင်းအကျိုးညီစွာဖြစ်မြဲဖြစ်နေတတ်တာကြောင့် သင့်ဘက်က စိတ်ခံစားမှုအပြည့်အဝမထားခြင်းက ပိုပြီးအဆင်ပြေစေပါလိမ့်မယ်။

သင့်အနေနဲ့အခြားလူတွေနည်းတူ မိသားစုအရေးနဲ့ အနီးကပ်ပေါင်းသင်းဆက်ဆံနေရတဲ့ မိတ်ဆွေတွေရဲ့အရေးကိစ္စအမျိုးမျိုးကြောင့် အနှောင်အဖွဲ့တွေဖြစ်လာပြီး တစ်ခါတစ်ရံရုန်းထွက်ရခက်လှတဲ့အခြေအနေနဲ့ပါရင်ဆိုင်ရတတ်ပါတယ်။ ဒီလိုအခါမျိုးမှာ သင့်ဘက်က ရှေ့ငေ့ဉစ္စာပစ္စည်း၊

အဆောင်အယောင်၊ ဂုဏ်သိက္ခာ၊ အဆင့်အတန်းတွေကို ခေါင်းထဲမထည့်နိုင်တော့ပဲ လွတ်လပ်စွာနေရခြင်းကိုသာ အပြင်းအထန်တောင့်တမိပါလိမ့်မယ်။

တစ်ခါတစ်ရံ ရေရှည်ကောင်းမွန်တဲ့ဆက်ဆံရေးတစ်ခု တည်ဆောက်နိုင်ဖို့ အပြန်အလှန်ကတိကဝတ်ပြုမှုတွေကို မလွဲမရှောင်သာလုပ်ရတတ်ပါတယ်။ အထူးသဖြင့် လက်တွဲဖော်အိမ်ထောင်ဖက်နှင့် ဆက်ဆံရေးကောင်းခိုင်မာစွာ တည်ဆောက်နိုင်ဖို့ ကတိစကားပေးလိုက်ရတဲ့အခါ စိတ်လွတ်လပ်မှုတွေတစ်မဟုတ်ချင်း ဆုံးရှုံးသွားရသလိုမျိုး ခံစားရတတ်ပါတယ်။

အချို့အရေးပါတဲ့ ကိစ္စရပ်တွေမှာ အပြန်အလှန်ကတိကဝတ်ပြုခြင်း ထက်ပိုပိုလေးနက်စေတဲ့ စွန့်လွှတ်အနစ်နာခံခြင်း၊ ပေးဆပ်ခြင်းတွေရှိတတ်ပါတယ်။ ထိုအခြေအနေမျိုးဟာ မိမိရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်တစ်ခုကို ဆုံးရှုံးသွားစေရုံသာမကပဲ ဘဝတစ်ခုလုံးကိုပါ စွန့်လွှတ်အနစ်နာခံ၊ အဆုံးရှုံးခံရတဲ့ အခြေအနေသာဖြစ်ပါတယ်။ ဒါဟာ ဘဝလွတ်လပ်မှုနဲ့ လုံးဝဆန့်ကျင်နေတဲ့ သဘောပါပဲ။ သင်က လောကသဘာဝအရဖြစ်ပေါ်လာတဲ့ဖြစ်သဘော၊ တည်သဘော၊ ပျက်သဘောတွေကို အမှန်အတိုင်း လက်ခံနိုင်ပြီဆိုရင် ကောင်းတာတွေဖြစ်စေ ဆိုးတာတွေဖြစ်စေ သင့်ဘက်က ရင်ဆိုင်နိုင်ပါလိမ့်မယ်။

သင့်ဘက်ကကောင်းတဲ့ အခြေအနေအဖြစ်အပျက်တွေကိုသာ ရွေးချယ်လက်ခံပြီးခံစားချင်လို့ မဖြစ်နိုင်ပါဘူး။ သင့်ဘက်က လုံးဝဖိတ်ခေါ်ခြင်းမရှိပဲ ရောက်လာတဲ့ အဆိုးတွေကိုလည်း အလိုက်သင့်ရင်ဆိုင်ကျော်လွှားနိုင်ဖို့ လိုပါတယ်။

သင်က လူသားပီပီ လူပတ်ဝန်းကျင်နဲ့ ထိတွေ့နေရသမျှ စိတ်ရှုပ်ထွေးစရာ တွေနဲ့ ပျော်ရွှင်စရာတွေ ရောပြွမ်းပြီး ခံစားရတတ်ပါတယ်။

သင်က အဲဒီလိုပြဿနာတွေနဲ့ရင်ဆိုင်လိုခြင်းမရှိခဲ့ရင်တော့ ဘယ်ကိုမှ မသွား၊ ဘယ်သူနဲ့မှမပေါင်းသင်း၊ ဘယ်သူ့ကိုမှ စကားပြောဆိုမှုမရှိဘဲ နေရပါလိမ့်မယ်။ ဒီအခါ သင်ဟာ သဘာဝကို ဆန့်ကျင်တဲ့ အထီးကျန်သူတစ်ယောက်ဖြစ်သွားပြီး ဘဝရဲ့အချိန်တွေကို အကျိုးမဲ့ကုန်ဆုံးစေတဲ့သူတစ်ယောက်ဖြစ်သွားပါလိမ့်မယ်။ ဘဝတိုးတက်မြင့်မားလိုတဲ့အခါ လွတ်လပ်မှုကိုပဲ တောင့်တနေလို့မရပါဘူး။ ဒါကြောင့် သင့်ဆီကိုကောင်း

ခြင်းတွေရောက်လာတဲ့အခါ ပျော်ရွှင်ကျေနပ်စွာ လက်ခံပြီးဆိုးတာတွေ ရောက်လာခဲ့ရင်တော့ ကြံ့ကြံ့ခိုင်ရင်ဆိုင်ပေးပါ။

ဘယ်သူမဆိုဘဝမှာ လွတ်လပ်ခြင်းကို မျှော်လင့်တောင့်တကြသော်လည်း မိမိတို့လိုချင်သလောက် မရတတ်ပါဘူး။ ထို့အတူ ထိခိုက်နာကျင်မှုတွေကလည်း အချိန်အခါမလပ်ရောက်လာနိုင်တာကို သတိပြုပါ။

*

ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း အမှတ် ၁၉

အရာရာတိုင်းက ထိခိုက်နာကျင်မှုတွေနဲ့ ထိုက်တန်ပါတယ်။

ချိုးဖောက်ရမည့် စည်းမျဉ်းစည်းကမ်း

သင်က လူအများကို ပြောင်းလဲပေးနိုင်ပါတယ်

သင်လိုချင်တဲ့လက်တွဲဖော်တစ်ဦးရဲ့ အရည်အသွေး ၉၅ ရာခိုင်နှုန်း ပြည့်မီသူ အသုံးအစွဲစိစစ်သူ၊ စိတ်ရှည်သည်းခံနိုင်စွမ်းရှိသူ၊ စွန့်စားတတ်သူ တွေထဲက ဘယ်သူက သင့်အတွက် မိတ်ဆွေကောင်း/လက်တွဲဖော်ကောင်း ဖြစ်နိုင်ပါသလဲ၊ သင့်အနေနဲ့ အရည်အချင်းရှိပြီးသားသူတွေကို ရွေးချယ်လိုပါသလား (သို့) သင့်စိတ်ကြိုက်ရွေးချယ်ပြီးမှ သင်ကြားလေ့ကျင့်မှုတွေ လုပ်ပေးလိုပါသလား၊ သင်က လူအများကို ပြောင်းလဲပေးချင်တယ်ဆိုရင် သင်ကိုယ်တိုင် ဘယ်အတိုင်းအတာထိ ပြောင်းလဲနိုင်တယ်ဆိုတာ ဦးစွာစိစစ်ပေးပါ။ ကျွန်ုပ်တို့လူအများစုအနေနဲ့ အချို့သော အခြေခံသဘာဝတွေကို ပြောင်းလဲပေးနိုင်စွမ်းမရှိပါဘူး၊ သို့သော်လည်း အခြေခံကျခြင်းထဲမှာ မပါဝင်တဲ့အခြားသော စရိုက်လက္ခဏာတွေကိုတော့ ပြောင်းလဲပေးနိုင်ပါတယ်။

သင်က လူအများကိုအခြေအနေတစ်ရပ် ရည်ရွယ်ချက်တစ်ခုအတွက် အပြောင်းအလဲလုပ်လိုတယ်ဆိုရင် သင်လိုချင်တဲ့အတိုင်းတာထိရောက်ရှိ အောင်ပြောင်းလဲဖို့ မကြိုးစားပဲ မူလအနေအထားကနေ ကွဲပြားတဲ့အဆင့် ရောက်ရှိအောင်သာ ပြောင်းလဲပေးရပါလိမ့်မယ်။

သင့်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကင်းလွတ်နေသူ၊ စွမ်းဆောင်နိုင်စွမ်းအားနည်းသူတွေ၊ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားရကောင်းမှန်းမသိတဲ့သူတွေကို အပြုသဘောဆောင်၊ ကောင်းစေချင်တဲ့စိတ်ဆန္ဒရှေ့ထားပြီး ပြောင်းလဲခြင်းတွေဖြစ်အောင်လုပ်ပေးနိုင်ပါတယ်။

သင့်အနေနဲ့ သင်လိုချင်တဲ့ အရည်အချင်း ၉၅ ရာခိုင်နှုန်းရှိထားတဲ့ သူတစ်ယောက်ကို သင့်ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်မယ်ဆိုရင် ကျန်တဲ့ မကောင်းတဲ့အချက် ၅ ရာခိုင်နှုန်းနဲ့ပတ်သက်ပြီး ထည့်သွင်းစဉ်းစားနေတော့မှာ မဟုတ်ပါဘူး။ အကယ်၍ သင့်ဘက်က ရာနှုန်းပြည့်အကောင်းတွေချည်းပဲ လိုလားတယ်ဆိုရင်တော့ သင်လိုချင်နေတဲ့ ၉၅ ရာခိုင်နှုန်းကိုပါ လက်လွှတ်ဆုံးရှုံးရမှာဖြစ်ပါတယ်။ တကယ်တော့ သင့်နှစ်သက်လိုလားခြင်းလုံးဝမရှိတဲ့ ၅ ရာခိုင်နှုန်းဟာ သင့်ဘဝအတွက် သိသာတဲ့ထိခိုက်ပျက်စီးမှုတွေကို မဖြစ်စေတတ်ပါဘူး။ အကောင်းဆုံးသော နည်းလမ်းကတော့ သင်က လူတစ်ဦးချင်းစီကိုဖြစ်စေ၊ လူအများကိုဖြစ်စေပြောင်းလဲခြင်းတွေ လုပ်ရာမှာ သင့်ဘက်က ၉၅ ရာခိုင်နှုန်းစိတ်ကြိုက်ပြောင်းလဲပေးနိုင်ပြီဆိုတာနဲ့ ကျန်တဲ့ ၅ ရာခိုင်နှုန်းကိုတော့ သင်နဲ့လိုက် လျောညီထွေဖြစ်အောင် သင့်ကိုယ်ကိုယ်ပြောင်းလဲပစ်နိုင်ရပါမယ်။

*